၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No. 816, May 29, 2010

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအသုံးသတ်ရေးကြိုးပမ်းကြဖို့ ဒေါ်စု တိုက်တွန်း

**VOA ၊ မေ ၂၄ ။** ။ အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေဟာ လူ့အဖွဲ့အစည်းတရပ်ကို ခွဲခြားပစ်လိုက်တာပဲလို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံက ဖြစ်ရပ်တွေကို ထောက်ပြပြီးပြောသွားပါတယ်။ ကနေဒါနိုင်ငံ ကွေးဗက်မြို့မှာ ပြုလုပ်နေတဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေးနိုင်ငံတကာညီလာခံကိုပေးပို့တဲ့ ဗွီဒီယိုမိန့်ခွန်းထဲမှာ ထည့်သွင်းပြောသွားတာပါ။ အပြည့်အစုံကို ကိုသားညွန့်ဦးကတင်ပြထားပါတယ်။

မေလ ၂၃ ရက်နေ့ကနေ ၂၅ ရက်နေ့အထိ ကျင်းပနေတဲ့ ဒီနိုင်ငံတကာညီလာခံကို ကမ္ဘာအဝှမ်းက ပညာရှင်တွေ၊ အမျိုးသမီးရေးလှုပ်ရှားသူတွေ၊ ငြိမ်းချမ်းရေးလှုပ်ရှားသူတွေ တက်ရောက်နေပြီး ဖွင့်ပွဲအစနေ့မှာပဲ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဗွီဒီယိုမိန့်ခွန်းကို ပြသခဲ့ပါတယ်။ မြန်မာနိုင်ငံတွင်းမှာ လက်နက်ကိုင် အဖွဲ့အစည်းတွေဟာ အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်လက်နက်သဖွယ် အသုံးပြုနေတယ်လို့ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ဒီလိုဖြစ်ရပ် တခုချင်းဟာ လူ့အဖွဲ့အစည်းကို ခွဲခြားပစ်လိုက်တာပါပဲလို့ ဒေါ်အောင်ဆန်းစုကြည်က အဲဒီမိန့်ခွန်းမှာ ပြောသွားပါတယ်။

"ကျမတို့နိုင်ငံမှာတော့ ငြိမ်းချမ်းစွာ နေထိုင်လိုသူတွေ၊ အခြေခံလူ့အခွင့်အရေး ရပိုင်ခွင့်တွေလိုလားတဲ့ အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်လက်နက်သဖွယ် အသုံးပြုနေပါတယ်။ အထူးသဖြင့်တော့ တိုင်းရင်းသားလူမျိုးစု ဒေသတွေမှာပါ။ တိုင်းရင်းသားလူမျိုးစုတွေကို ခြိမ်းခြောက် အကျပ်ကိုင်ဖို့ လက်နက်ကိုင် အဖွဲ့အစည်းတွေက ဒါကို စစ်လက်နက်သဖွယ် အသုံးပြုပါတယ်။

"ကျမ ယူဆတာကတော့ အခုလို အမျိုးသမီးတွေအပေါ်လိင်ပိုင်း ဆိုင်ရာ အကြမ်းဖက်မှုတခုတိုင်းဟာ ကျမတို့တိုင်းပြည်အတွင်းမှာရှိတဲ့ ပြည်သူတွေ၊ လူ့အဖွဲ့အစည်းတွေ၊ တိုင်းရင်းသား လူမျိုးတွေ၊ လက်နက်ကိုင် အဖွဲ့အစည်းတွေအကြားမှာ ခွဲခြားပစ်လိုက်ပါတယ်။ ဒါကြောင့် ဒါတွေကို လုံးဝအဆုံးသတ်ပစ်ဖို့ ကျမတို့ လုပ်နိုင်သလောက်လုပ်ကြရပါလိမ့်မယ်။"

အမျိုးသမီးတွေအပေါ် အကြမ်းဖက်တယ်ဆိုတဲ့နေရာမှာလိင်ပိုင်းဆိုင်ရာအကြမ်းဖက်တာမျိုး၊ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေဟာ အဆိုးဆုံးဖြစ်ပေမဲ့ အမျိုးသမီးတွေအပေါ် စိတ်ပိုင်းဆိုင်ရာချိုးနှိမ်မှုဟာလည်း အကြမ်းဖက်မှုမြောက်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဟာ ကမ္ဘာအဝှမ်းမှာဖြစ်နေတာပါ။ ဒီလို အကြမ်းဖက်တဲ့ နေရာမှာ ပုံစံအမျိုးမျိုး ရှိပါတယ်။ ရုပ်ပိုင်းဆိုင်ရာ စော်ကား အကြမ်းဖက်တာမျိုးသက်သက်မဟုတ်ပါဘူး၊ အမျိုးသမီးတွေ စိတ်ဓာတ် ဖိစီးလာအောင်လုပ်တာမျိုး၊ အမျိုးသမီးတွေရဲ့ အသိဉာဏ်ကို ချိုးနှိမ်စော်ကားတာမျိုး၊ အမျိုးသမီးတွေကိုခွဲခြားတတ်တဲ့ လူမှုအသိုင်းအဝိုင်းတခုလုံးရဲ့ အကြမ်းဖက်မှုမျိုးတွေရှိပါတယ်။"

အမျိုးသမီးတွေရဲ့ယုံကြည်ချက် စိတ်ဓာတ်ကို ချိုးနှိမ်တယ်ဆိုတဲ့နေရာမှာတော့ မြန်မာနိုင်ငံက အမျိုးသမီးနိုင်ငံရေးအကျဉ်းသားတွေကိစ္စကိုပါ ထည့်သွင်းပြောသွားပါတယ်။ ရာနဲ့ချီတဲ့ဒီအမျိုး သမီးတွေဟာ

**စာမျက်နှာ ၅ သို့**


| | | | | | |
|---|---|---|---|---|---|
| **နအဖပြောင်းလဲခဲ့သည့် Myanmar ကို ဒေါ်အောင်ဆန်းစုကြည် အသိအမှတ်မပြု** | **၉၀ ရွေးကောက်ပွဲရလဒ် အကောင်အထည်မဖော်ခဲ့သည့်အပေါ် ဒေါ်စုဝေဖန်** | **ရှမ်းပြည်တပ်မတော် တောင်နဲ့ မြောက် ပေါင်းစည်းဖို့ သဘောတူ** | **ဝန်ကြီးဦးကျော်ဆန်း၏ ဝန်ကြီးဌာနများ အပြောင်းအလဲမမြင်သေး** | **၉၀ရွေးကောက်ပွဲ ရလဒ်ကို ကိုင်စွဲပြီး CRPP ဆက်လက်ကြိုးပမ်းသွားမည်** | **တိုင်းရင်းသား အခွင့်အရေး ကာကွယ်ဖို့ ဦးသိန်းစိန် အစိုးရသစ် ပျက်ကွက်** |
| **စာမျက်နှာ ၃** | **စာမျက်နှာ ၅** | **စာမျက်နှာ ၈** | **စာမျက်နှာ ၁၂** | **စာမျက်နှာ ၁၅** | **စာမျက်နှာ ၁၈** |

VOB အာဘော်

# သမတကို စမ်းသပ်မည့် ဒေါ်စုခရီးစဉ်

အာဏာရှင်စစ်အုပ်စုများလက်ထက် ဥပဒေစိုးမိုးမှုအားနည်းခဲ့သော မြန်မာနိုင်ငံတွင် အရပ်သားအစိုးရအမည်ခံ ဗိုလ်ချုပ်လူထွက်ဦးသိန်းစိန်သမတဖြစ်လာခဲ့သောအခါ တိုင်းပြည်တွင်း ဥပဒေစိုးမိုးမှုကို အဓိကထားလုပ်ဆောင်မည်ဟု လူထုကို ကတိစကားပြောဆိုခဲ့သည်။ ဘောင်းဘီချွတ်ပြီး တိုက်ပုံဝတ်အစိုးရဟာ အများက ဝေဖန်ပြောဆိုနေကြပေမယ့် ဤသမတစကားကို အပြုသဘောဖြင့် ကြိုဆိုရမည်ဖြစ်သည်။

သမတဦးသိန်းစိန်သည် ဘယ်ရွေ့ဘယ်မျှစွမ်းဆောင်နိုင်မည်နည်း၊ ဥပဒေအပေါ်မှာ ဘယ်သူမှမရှိစေရဆိုသည့် စကားကဲ့သို့ ဥပဒေကို ဦးထိပ်ထားလေးစားလိုက်နာရမည်ဖြစ်သည်။ သမတအပေါ်မှာ ဘယ်သူတွေရှိနေသည်ကို သိနေကြသည့် လူထုကတော့ သမတဦးသိန်းစိန် ပြောစကားအတိုင်း လုပ်နိုင်မလုပ်နိုင်စောင့်ကြည့်ရမည်ဟုဆို၏။

ဒီအတောအတွင်း လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် ရန်ကုန်မှ နယ်သို့ခရီးထွက်ခွာမည်ဟု ပြောဆိုလိုက်ပါသည်။ သမတစကားအတိုင်း ဥပဒေစိုးမိုးမှုရှိမရှိကို ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်က သက်သေပြလိမ့်မည်ဟု ယူဆသည်။ ဥပဒေစိုးမိုးမှုရှိမရှိကို စမ်းသပ်မည့် ခရီးစဉ်ဖြစ်နိုင်မည်ဟု ဆိုသူများရှိပါသည်။ တနည်းအားဖြင့် သမတဦးသိန်းစိန်ကို စိန်ခေါ်သည့် ခရီးစဉ်လည်းဖြစ်နိုင်သည်။

ယခင် စစ်အာဏာရှင်လက်ထက်မှာ ဒေါ်အောင်ဆန်းစုကြည်ခရီးထွက်စဉ်က နှောင့်ယှက်မှုမျိုးစုံဖြင့် အနှောင့်အယှက်ပေးခြင်းခံရပါသည်။ နဝတလက်ထက် ၁၉၈၉ ခုနှစ် မေ ၅ ရက်နေ့တွင် ထိုစဉ်က အဖွဲ့ချုပ်ဒုဥက္ကဋ္ဌဦးကြည်မောင်နှင့်ရောဝတီတိုင်း စည်းရုံးရေးခရီးထွက်စဉ် ဓနုဖြူမြို့တွင် စစ်တပ်မှနှောင့်ယှက်ဟန့်တားခြင်းခံခဲ့ရသည်။ ဒေါ်အောင်ဆန်းစုကြည်ကိုပစ်ရန်ဗိုလ်ကြီးမြင့်ဦးမှ စစ်သား ၆ ယောက်ကို အမိန့်ပေးရာ ပစ်ခတ်ရန် အသင့်အနေအထား နောက်ဆုံးမိနစ်တွင် ဗိုလ်မှူးနှစ်ယောက်မှ ဝင်ရောက်တားမြစ်ခဲ့၍ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် အသက်ဘေးမှ သီသီလေးလွတ်ခဲ့ရသည်။ ထိုကာလတွင် တိုင်းပြည်တွင်း စစ်တပ်မှ ဥပဒေမဲ့ပစ်ခတ်သတ်ဖြတ်မှုများ နေရာအနှံ့တွင်ဖြစ်ပေါ်နေသည်။

လက်ရှိအာဏာရှင်ဗိုလ်ချုပ်သန်းရွှေလက်ထက်တွင် ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုကြီးသည် နိုင်ငံတော်လုပ်ကြံမှုအဖြစ် လူသိများသည်။ အာဏာရှင်စစ်ဗိုလ်ချုပ်များ၏ဥပဒေမဲ့ရမ်းကားမှုတွင်လည်း ဒေါ်အောင်ဆန်းစုကြည်သည်သူတော်ကောင်းကိုစောင့်ရှောက်သည့်နတ်ကောင်းနတ်မြတ်များ၏အစောင့်အရှောက်ကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ရပြန်သည်။

ဤမျှရက်စက်ကြမ်းကြုပ်သည့် စစ်အာဏာရှင်များလုပ်ကြံသတ်ဖြတ်မှုကို ခံခဲ့ရသော်လည်း သူတော်ကောင်းတရားလက်ကိုင်ထားသည့် အမျိုးသားခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် အာဃာတမထားဘဲ သင်ပုန်းချေရေးလမ်းစဉ်ဖြင့် နအဖစစ်ဗိုလ်ချုပ်များကို ငြိမ်းချမ်းရေးစကားဆိုခဲ့သည်။ သို့သော် ဆင်ဖြူမျက်နှာ ဆင်မဲမကြည့်ဝံ့ဆိုသကဲ့သို့ ဗိုလ်ချုပ်ကြီးများသည် ဒေါ်အောင်ဆန်းစုကြည်နှင့်စကားမပြောဝံ့ခဲ့ကြပေ။ ဒေါ်အောင်ဆန်းစုကြည်၏ အမှန်အတိုင်းဖြစ်စေရပါမည်ဆိုသည့်စကားကြောင့် အာဏာရှင်စစ်ဗိုလ်ချုပ်ကြီး တုန်လှုပ်ခြောက်ခြားနေကြဟန်တူသည်။ သူဆေ သူရဲတို့သည် ပရိတ်သံကြားက လွင့်စင်ပြီး နံရံနှင့်ပြင်းထန်စွာရိုက်ခတ်ပြီး နာကျင်မှုကို ခံစားရသကဲ့သို့ အမှန်တရားကြားရုံမျှနှင့် ဗိုလ်ချုပ်ကြီးများကြောက်ရွံ့နေကြသည်။

ယခုအရပ်သားအစိုးရအမည်ခံ ဦးသိန်းစိန်အစိုးရလက်ထက်တွင် တိုင်းပြည်တည်ငြိမ်ရေးနှင့် ဥပဒေစိုးမိုးရေးကို လုပ်ဆောင်မည်ဟုဆိုသည်ကို လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ မကြာခင်သွားမည့် စည်းရုံးရေးခရီးစဉ်က သက်သေပြတော့မည်ဟု ယုံကြည်သည်။

---

# အဖွဲ့ချုပ် ထိပ်ပိုင်းခေါင်းဆောင်ဦးဝင်းတင် အာရှတော်ဝင်ဆေးရုံတွင် ကုသမှုခံယူ

**DVB ၊ မေ ၂၈ ။** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ထိပ်ပိုင်းခေါင်းဆောင်တဦးဖြစ်တဲ့ ဦးဝင်းတင်ဟာ မေလ ၂၆ ရက်နေ့ ညနေမှာ ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံမှာ တက်ရောက်ကုသမှုခံယူနေပါတယ်။

အသက် ၈၁ နှစ်ရှိပြီဖြစ်တဲ့ ဦးဝင်းတင်ဟာ အခု မေလဆန်း ၉ ရက်နေ့ ရှမ်းပြည်နယ်က ဆရာဒဂုန်တာရာရဲ့မွေးနေ့ပွဲကအပြန် ဘယ်ဘက်ပေါင်မှာ ရေယုန်လိုအနာမျိုးပေါက်ပြီး ကုသရာ အနာက တဖြည်းဖြည်းကြီးလာပြီး ဆေးရုံတက်ရတာလို့ အဖွဲ့ချုပ်ရဲ့ ပြောခွင့်ရသူ ဦးအုန်းကြိုင်က ပြောပါတယ်။

“ဆေးလိမ်းလို့ အရေပြားလောင်တာလိုလို ရေယုံလိုလို ဘယ်ဘက်ပေါင်မှာဖြစ်တာ။ အဲဒီဟာကို ဆေးတွေ ကုရင်းကုရင်းနဲ့ အနာက ပိုရင်းလာတယ်။ အနာက နာတော့ ဆေးတွေသောက်ရင်းသောက်ရင်းနဲ့အားနည်းလာပြီး အခုတော့ အသည်းရောဂါ၊ နှလုံးရောဂါ ပြန်စစ်ဆေးရမယ်ဆိုပြီးတော့ အာရှတော်ဝင်ဆေးရုံမှာ တင်ထားလိုက်တာပဲ”။

ဆေးရုံတက်နေရတဲ့အတွက် ဦးဝင်းတင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ဒီကနေ့ကျင်းပတဲ့ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်ပွဲနေ့အခမ်းအနားကို တက်ရောက်နိုင်ခြင်းမရှိပါဘူး။ ဦးဝင်းတင်ဟာ ဆေးရုံမှာ အနည်းဆုံး ၅ ရက်လောက် ကုသမှုခံယူရဖွယ်ရှိတယ်လို့ ဦးအုန်းကြိုင်က ပြောပါတယ်။ တပ်မတော်အစိုးရက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ ဦးဝင်းတင်ကို ၁၉၈၉ ခုနှစ် ဇူလိုင်လမှာ ထောင်ဒဏ် အနှစ် ၂၀ ချမှတ်ခံခဲ့ရပြီး အင်းစိန်ထောင်တွင်းမှာ ၁၉ နှစ်ကျော်နေခဲ့ရပါတယ်။

ဦးဝင်းတင်ဟာ ချောင်းဆိုး၊ ရင်ကျပ်ရောဂါအခံရှိပြီး ၂၀၀၉ ခုနှစ်ကလည်း နှလုံးနဲ့ပတ်သက်ပြီး အာရှတော်ဝင်ဆေးခန်းမှာ တက်ရောက်ခွဲစိတ်ကုသဖူးပါတယ်။

အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ကလည်း အာရှတော်ဝင်ဆေးရုံကို ဒီကနေ့သွားရောက်ပြီး ဦးဝင်းတင်ကို အားပေးစကားပြောခဲ့တယ်လို့ သိရပါတယ်။ ဦးအုန်းကြိုင်ကလည်း ဦးဝင်းတင်ကျန်းမာရေးအခြေအနေ ကောင်းမွန်လာပြီး အထူးစိုးရိမ်စရာမရှိကြောင်း ပြောဆိုပါတယ်။

# နအဖပြောင်းလဲခဲ့သည့် Myanmar ကို ဒေါ်အောင်ဆန်းစုကြည် အသိအမှတ်မပြု

**RFA ၊ မေ ၂၇ ။** ။ မြန်မာနိုင်ငံရဲ့အမည်ကို အင်္ဂလိပ်လို ခေါ်ဝေါ် သုံးစွဲရာမှာ မူလအသုံးအနှုန်း ဖြစ်တဲ့ Burma ကနေ မြန်မာလို့ စစ်အစိုးရက အဓမ္မပြောင်းလဲခဲ့တာဟာ ဒီမိုကရေစီနည်းလမ်း မကျတဲ့အတွက် မိမိတို့ အသိအမှတ်မပြုခြင်းဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောဆိုလိုက်ပါတယ်။

"NLD နဲ့ ကျွန်မက မူအရ မြန်မာနိုင်ငံကို အင်္ဂလိပ်လို Burma လို့ပဲ ပြောပါတယ်။ မူအရလို့ ဆိုရတာကတော့ နိုင်ငံတနိုင်ငံရဲ့ အမည်ကို ကမ္ဘာ့အလယ်မှာ ပြောင်းပြီး ခေါ်တဲ့ ကိစ္စဆိုတာ ပြည်သူများရဲ့ ဆန္ဒကို မရယူပဲ လုပ်သင့်တဲ့အရာမဟုတ်ပါဘူး။ ဒါ့ကြောင့် နဝတက မိမိတို့ဆန္ဒ တခုတည်းနဲ့သာ ပြောင်းပြီး ခေါ်ခဲ့တဲ့ အင်္ဂလိပ်လို Myanmar ဆိုတာကို ကျွန်မတို့ လက်မခံတာဖြစ်ပါတယ်။"

RFA က တင်ဆက်နေတဲ့ လူထုနဲ့ ဒေါ်အောင်ဆန်းစုကြည် အမေးအဖြေအစီအစဉ်အတွက် သောတရှင်တဦးရဲ့ မေးမြန်းချက်ကို ဒေါ်အောင်ဆန်းစုကြည်က ခုလို ဖြေကြားခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း အမေရိကန် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန် မြန်မာနိုင်ငံကို လာရောက်စဉ်မှာ ဦးသိန်းစိန်အစိုးရက အမေရိကန်ပြည်ထောင်စုအနေနဲ့ မိမိတို့နဲ့ ဆက်ဆံရေး တိုးတက်ချင်ရင် Burma လို့ ဆက်လက်သုံးစွဲခြင်း မပြုပဲ မြန်မာလို့ ပြောင်းလဲ ခေါ်ဝေါ်စေချင်ကြောင်း ပြောဆိုခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုဟာ အန်အယ်လ်ဒီနည်းတူမြန်မာနိုင်ငံကို အင်္ဂလိပ်လို ခေါ်ဆိုရာမှာ Burma လို့ပဲ ဆက်လက်သုံးစွဲပါတယ်၊ နိုင်ငံတကာ စာနယ်ဇင်းကြီးတွေနဲ့ လူ့အခွင့်အရေး အဖွဲ့အစည်းကြီးတွေ၊ RFA ၊ VOA ၊ BBC စတဲ့ အဖွဲ့အစည်းတွေမှာလည်း မြန်မာဌာနကို အင်္ဂလိပ်လို ပြောဆိုရာမှာ Burmese Service လို့ပဲ သုံးနှုန်းပါတယ်။

ဒီတပတ်အစီအစဉ်အတွက် ဒေါ်အောင်ဆန်းစုကြည်က မေးခွန်းတခုကို ဖြေကြားရာမှာ အာဆီယံအဖွဲ့အတွင်း မြန်မာ့ဒီမိုကရေစီရေးအတွက် ဆောင်ရွက်ဖို့ ဦးသိန်းစိန်အစိုးရကို ပိုမိုတိုက်တွန်း ပြောဆိုလာတာဟာ တိုးတက်မှုဖြစ်ကြောင်း ဝေဖန်သုံးသပ်ပြောဆိုလိုက်ပါတယ်။

"အာဆီယံအဖွဲ့က အခုမြန်မာအစိုးရကို ဘယ်လိုသဘောထားလဲဆိုတာကို ကျွန်မ ရှင်းရှင်းလင်းလင်းမသိပါဘူး။ အစဉ်အလာအားဖြင့်တော့ အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှု မူဝါဒကို အာဆီယံက စွဲကိုင်ခဲ့ပါတယ်။ အချို့ အာဆီယံနိုင်ငံတွေကတော့ ခုနောက်ပိုင်းမှာ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ လိုအပ်ချက်တွေကို ထောက်ပြလာတာတော့ တွေ့ရပါတယ်။ ဒါဟာ တိုးတက်မှုလို့ ပြောနိုင်မယ်ထင်ပါတယ်။"

---

# ကြံ့ဖွံ့ပါတီ၏ တိုင်ကြားမှု ရခိုင်တိုင်းရင်းသားများပါတီကော်မရှင်တွင် ထွက်ဆို

**DVB၊ မေ ၂၄ ။ ။** ပြီးခဲ့တဲ့ ၂၀၁၀ ရွေးကောက်ပွဲကာလအတွင်းတရားမဲ့ ပြုကျင့်မှုတွေနဲ့ ပတ်သက်ပြီးနေပြည်တော်ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကကြားနာစစ်ဆေးနေတဲ့နေရာမှာ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီရဲ့ ကိုယ်စားလှယ် ၉ ဦးကို ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်လောင်းတွေက တိုင်ကြားခဲ့တာတွေကို ကြားနာစစ်ဆေးနေပါတယ်။

ဒီအမှုတွေနဲ့ ပတ်သက်ပြီး တိုင်ကြားခံထားရတဲ့ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီရဲ့ မြေပုံမြို့နယ် မဲဆန္ဒနယ်မြေက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက အခုလို ပြောပါတယ်။

"ကျနော်တို့ ပါတီဝင် ၉ ဦးကို နေပြည်တော်ကော်မရှင်ရုံးမှာအခု တရားစစ်ဆေးနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေနဲ့ အဲဒီပုဂ္ဂိုလ်တွေက ပြတဲ့အချက်တွေ တဖက်က စွဲချက်တင်ထားတဲ့ လူတွေရဲ့ ကန့်ကွက်လွှာတွေ၊ အချက် အလက်တွေ ကျနော်တို့ တချို့တဝက်သိနေပါပြီ။ တချို့လည်း မသိသေးဘူး။ ကျောက်ဖြူက ဦးတင်နဲ့ ဦးကျော်လွင်အမှုဆိုရင် လာမယ့်လ ၁၆ ရက်နေမှာ ရုံးချိန်းသတ်မှတ်ထားပါတယ်။ အဲနေ့မှာ ထုတ်ပြန်မှာပါ။ တခြားအမှုတွေကျတော့ တပိုင်းတစပဲ ရှိနေသေးတယ်၊ ပြိုင်ဘက် ကြံ့ခိုင်ရေးပါတီရဲ့ ကိုယ်စားလောင်းတွေက ဒီမဲဆန္ဒနယ်မြေတွေက မဲရုံမှူးတွေကို ဒီပါတီရဲ့ မဲအနိုင်ရလိုမှုမှာ ပူးပေါင်းပါဝင်မှု၊ ဒီပါတီရဲ့ ပါတီဝင်တွေက ရွေးကောက်ပွဲကာလမှာ တရားမဲပြုကျင့်မှုကြံ့ခိုင်ရေးပါတီနဲ့ တပ်မတော်အစိုးရအပေါ် ပုတ်ခတ်ပြီးမဲဆွယ်စည်းရုံးမှုတွေပြုလုပ်ခဲ့တယ် ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ တိုင်ကြားခဲ့တာလည်းဖြစ်ပါတယ်။"

ဒီစွဲချက်တွေနဲ့ ပတ်သက်ပြီးတော့လည်း ဦးဖေသန်းက……

"ရွာတွေမှာ ကျနော်တို့ပါတီက စည်းရုံးတဲ့အခါမှာ ကြံ့ခိုင်ရေးပါတီနဲ့ တပ်မတော်အစိုးရကို ပုတ်ခတ် စော်ကားတယ်။ ဘုန်းကြီးခေါင်းကို ရိုက်ခဲ့တဲ့ပါတီ၊ ကျောင်းသားတွေကို ရက်ရက်စက်စက် သတ်တဲ့ပါတီ၊ အဲလိုမျိုး စွပ်စွဲတာလည်း ရှိပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်လို့လည်း ကျနော်တို့က ဖြေရှင်းပါတယ်။ ဘယ်လိုလည်းဆိုတော့ ကျနော်တို့ မဲဆွယ်တဲ့အခါမှာ ကော်မရှင်က ခွင့်ပြုချက်နဲ့ ဘယ်နေ့ ဘယ်အချိန်မှာ ဘယ်နေရာမှာ ဘယ်စကားမျိုး ပြောရမယ်ဆိုတာကျနော်တို့ စည်းကမ်းချက်တွေ သတ်မှတ်ထားပါတယ်၊ စရဖတို့ သတင်းတပ်ဖွဲ့တို့၊ ရဲတပ်ဖွဲ့တို့ အမြဲတမ်းအနီးကပ်စောင့်ကြည့်နေတာပါ။ အမြဲတမ်း ရှိပို့ ပိုလေ့ ပိုထရှိပါတယ်။ အဲလို အခြေအနေကြားမှာ ကျနော်တို့ပါတီက သူတို့ကို ပုတ်ခတ်တဲ့၊ တပ်မတော်ကို ပုတ်ခတ်တဲ့စကားမျိုး ပြောဖို့ဆိုတာ မလွယ်ပါဘူး၊ တကယ်လို့ ပြောခဲ့ရင်လည်း အဲဒီအချိန်ထဲက ကျနော်တို့က တရားစွဲခံရတာ တိုင်ကြားခံရတာရှိလာမှာပါ၊ ကျနော်တို့ ဘာမှာလည်းကျူးလွန်တာမရှိဘူး၊ ကျနော်တို့ ကိုယ်စားလှယ် ၉ ယောက် စလုံးကို အဲလိုပဲ စွဲထားတယ်။"

ရခိုင်တိုင်းသားများတိုးတက်ရေးပါတီဟာ ပြီးခဲ့တဲ့ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် ၃၅ ဦး အနိုင်ရရှိခဲ့ပြီး အဲ့ဒီ ၉ ဦးကို ပြိုင်ဘက် ကြံ့ခိုင် ရေးပါတီကိုယ်စားလှယ်လောင်းတွေက တိုင်ကြားထားကြတာလည်း ဖြစ်ပါ တယ်၊ လက်ရှိအခြေအနေမှာတော့ ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်မှာ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး တိုင်ကြားထားတဲ့ အမှု ၂၉ မှုရှိနေပြီး အဲ့ဒီထဲမှာ ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်လောင်းတွေက အနိုင်ရကိုယ်စားလှယ်တွေကို တိုင်ကြားထားတဲ့အမှု အများဆုံးပါဝင်နေပါတယ်။ လက်ရှိအခြေအနေမှာတော့ ဒီအမှုတွေထဲက ၄ ခုကို ကော်မရှင် ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒေသဆိုင်ရာ ရဲစခန်းတွေမှာလည်း ရွေးကောက်ပွဲဆိုင်ရာ အဓမ္မပြုကျင့်မှုတွေကို ရာနဲ့ချီပြီး ပါတီအသီးသီးက တိုင်ကြားထားကြပေမယ့်လည်း ဒီအမှုတွေကိုတစုံတရာ ဆောင်ရွက်ပေးတာမျိုးတော့ မရှိသေးပါဘူး။

# မြန်မာပြည်ကလာတဲ့စာ

**မောင်သူခ**
**ရှာဖွေစုဆောင်းတင်ပြသည်**

"ခရီးသွားခြင်း"
ဒေါ်အောင်ဆန်းစုကြည် (ဘာသာပြန်သူ - မောင်မောင်လှကြိုင်)
မေ ၂၃၊ ၂၀၁၁
ဒေါ်အောင်ဆန်းစုကြည် ဂျပန်သတင်းစာ မိုင်နီချီ (Mainichi Newspaper) ကို ပေးပို့ခဲ့တဲ့ မြန်မာပြည်မှ ပေးစာဖြစ်ပါတယ်။

ထရူးမဲန်ခက်ပုတ်စ်ရဲ့ မတုပနိုင်တဲ့ သူရဲကောင်းမလေး ဟော်လီဂို လိုက်လီ(ခိုကိုးရာမဲ့ကလေးငယ်များအနက်အသိဉာဏ်ကြွယ်ဝဆုံးသူ) ဟာ သူ့ပိုင်ဆိုင်တာတွေကို ခရီးဆောင်သေတ္တာများအတွင်း သိမ်းဆည်းထားခဲ့ပါတယ်။ လိပ်စာအစား 'ခရီးသွားခြင်း'ဆိုတဲ့ စာတန်းလေးကိုသေတ္တာများမှာ ချိတ်ဆွဲထားပါတယ်။ နေထိုင်ဘို့အတွက် ဒီမူလကိုင်တွယ်ဖြေရှင်းရေး နည်းလမ်းရှာဘို့ရာ ပထမဆုံးတွေ့ကြုံရချိန်မှာတော့ ကျွန်မဟာ ဆယ်ကျော်သက်ရွယ် လွန်မြောက်ခါစပါ။ အံ့ဩစရာနဲ့ စွန့်စားစရာလို့ထင်ခဲ့ပါတယ်။ ကိုယ်ကာယလှုပ်ရှားမှုလို့လဲ ရှင်းရှင်းသန့်သန့်ပဲအဓိပ္ပါယ်ဖွင့်ဆိုခဲ့ပါတယ်။

မိုက်ကယ်ရဲ့ဟိမဝန္တာဒေသ လေ့လာဆည်းပူးမှုအတွက်နှစ်မြှုပ်ထားစဉ် ကျွန်မနဲ့လက်ထပ်ပြီးနောက်ဒီခံယူချက်ဟာ ပိုမိုအားကောင်းလာကာကမ္ဘာရဲ့ဝေးသီခေါင်ဖျားတဲ့အရပ်တွေဆီမကြာခဏသွားစေခဲ့ပါတယ်။ ကျွန်မတို့ကိုလဲရွှေ့လျားသွားလာစေခဲ့ပါတယ်။ ခရီးဝေးများမှပြန်လာတိုင်းကျွန်မတို့ရဲ့မိတ်ဆွေများဟာလိပ်စာဟောင်းများမှာဆက်လက်နေထိုင်လျက်ရှိတာကို ကျွန်မ အံ့ဩစွာတွေ့မြင်ရပါတယ်။

ဘဝရဲ့လှည့်လည်သွားလာခြင်းနည်းလမ်းဟာ ကျွန်မတို့အတွက် သာမန်အနေအထားလို့ ခံစားထင်မြင်စေခဲ့ပါတယ်။ သားနှစ်ယောက်ကိုမွေးလာပြီးတဲ့တိုင် ခရီးသွားလာခြင်းဟာကျွန်မတို့ဘဝရဲ့ သမူဟအစိတ်အပိုင်းအဖြစ်ဆက်လက်တည်ရှိနေပါတယ်။ မြန်မာနိုင်ငံမှာဒီမိုကရေစီရေးလှုပ်ရှားမှုအတွင်း ပါဝင်မလာမီနောက်ဆုံး၃နှစ်မှာ ကျွန်မတို့ဟာ အင်္ဂလန်၊ ဂျပန်နဲ့အိန္ဒိယတို့မှာပြောင်းရွှေ့နေထိုင်ခဲ့ကြပါတယ်။ခရီးသွားလာခြင်းလို့ဖော်ပြရတဲ့ဘဝများဟာ ယေဘူယျအားဖြင့်စိတ်ဝင်စားဘွယ်အဖုံဖုံနဲ့ပြည့်စုံနေပါတယ်။သာမန်နေ့များကိုဖြတ်သန်းခြင်းမျှဟာ"ခရီးသွားခြင်း"ဝေါဟာရနဲ့ ထိုက်ထန်တယ်လို့ ထူးထူးခြားခြား မမြင်မိပါ။

ထပ်ကာထပ်ကာ ဖြစ်ပျက်ခြင်းများဖြင့် ပြောင်ချောအသွင်မဲ့ဖြစ်သွားခဲ့တဲ့ဖြစ်စဉ်များဟာရေခဲမြစ်အသွင် ဝင်ရောက်သွားကာတဖြည်းဖြည်းလှုပ်ရှားမှုဟာထင်ရတဲ့ ငြိမ်သက်သွားပုံအေးခဲသွားပါတယ်။ ကျွန်ုပ်တို့ရဲ့ပတ်လည်ရှိစကြာဝဠာရဲ့ လှိုင်းထခြင်းနဲ့စီးဆင်းမှုများကို ကျွန်ုပ်တို့အာရုံပြုခံစားဘို့ကို ဒီ တည်ငြိမ်ခြင်းကိုယ်တိုင်ကသာ နှိုးဆွပေးနေတာပါ။

အိမ်အကျယ်ချုပ်အချခံနှစ်များအတွင်း 'ခရီးသွားခြင်းဟာဘဝ' ဆိုတာထက် 'ဘဝဟာခရီးသွားခြင်း'ဖြစ်တယ်လို့ စတင်သိရှိလိုက်ပါတယ်။ ကျွန်မရဲ့နေ့စဉ်လုပ်နေကျ ဆောင်ရွက်မှုများထပ်တူဖြစ်နေခြင်း ကအချိန်ရဲ့မြန်ဆန်ခြင်းနဲ့ ခြေလှမ်းသွက်နေတဲ့တနေ့တာရဲ့မှန်စီကွက်ချရုပ်ပုံလွှာအဖြစ်ဖွဲ့တည်နေတဲ့ မိနစ်ပေါင်းများစွာနဲ့နာရီပေါင်းများစွာတို့ရဲ့တခုချင်းစီမတူညီမှုအပေါ် ကျွန်မရဲ့တုန့်ပြန်ခံစားမှုကိုအရှိန်မြှင့်ပေးခဲ့ပါတယ်။ မတည်မြဲခြင်းဟာ ဒဿနတွေးခေါ်ခြင်းဖြစ်ရုံမျှနဲ့ရပ်ဆိုင်းသွားပါတယ်။ ဘဝရဲ့နိစ္စဓူဝကိစ္စတွေအဖြစ် ရက်သတ္တပတ်များ၊ လများနဲ့နှစ်များအဖြစ်ပြောင်းလဲသွားတဲ့ အချိန်တွေ ပေါ်လာတာနဲ့ ပျောက်ကွယ်သွားတာတွေကတော့ ဖြစ်ရပ်မှန်ပါပဲ။

သံသယမပွါးစရာပါပဲ၊ မှန်မှန်တရားထိုင်ခြင်းဟာအဲဒီလိုသတိတရာထားနိုင်မှုကိုပိုမိုထက်မြက်စေခဲ့ပါတယ်။ စိတ်အနေအထားတခုကနေ နောက်တခုကို သတိထားဖြတ်ကျော်လာရတော့ ကျွန်မရဲ့အမြဲတမ်းလိပ်စာဟာ "ခရီးသွားခြင်း"ပဲအမှန်ဖြစ်ကြောင်း စတင်ခံစားလာခဲ့ရပါတယ်။ လွှင့်ပစ်သင့်တာတွေလွှင့်ပစ်နိုင်ဘို့ အချိန်တိုင်းမှာ ကျွန်မရဲ့ "ခရီးဆောင်အိတ်"ကိုစိစစ်ရန် လေ့လာခဲ့ရပါတယ်။ အစဉ်ခရီးသွားမှာဖြစ်လို့ ပေ့ါပေ့ါပါးပါးပဲ သွားလိုခဲ့ပါတယ်။

အချိန်နဲ့သံသရာတွင်းမှာ ကြာမြင့်တဲ့လမ်းလွှဲခြင်း၌ စိတ်ကူးယဉ်ပုံပြင်ထဲကဇာတ်ကောင်တယောက်လိုပဲ ကျွန်မရောက်ရှိနေတယ်ဆိုတဲ့အသိတရားဟာဂိတ်အမြင့်များ၊ သံဆူးကြိုးအကာအရံများနဲ့မဆုံး နိုင်တဲ့မိုင်ရှည်များရှိလင့်ကစား ခရီးသွားဖော်များဆီရောက်နိုင်လိမ့်မယ်လို့ကျွန်မမှာစိတ်ခံစားမှုဖြစ်ပေါ်စေခဲ့ပါတယ်။ သေချာပါတယ်။ ဘယ်ကိုရှေ့ရှုပြီးဘယ်မှာဆုံးမယ်ဆိုတာ မသိလင့်ကစားခရီးလမ်းပေါ်ရောက်နေကြတဲ့သူတွေဟာဘာသာစကားနဲ့ယဉ်ကျေးမှုများနည်းတူအချိန်နဲ့နေရာများကို ကျော်လွန်ပြီးနားလည်မှုရှိခြင်းဆိုတာနဲ့ တဦးနဲ့တဦးဆက်သွယ်နေကြတယ်ဆိုတာကို သတိထားမိကြပါတယ်။

အညွှန်းမဲ့နယ်မြေကိုခရီးနှင်သူများဟာ သစ္စာတရားနဲ့ရဲရင့်ခြင်းကိုသာဒိုင်းနဲ့လက်နက်သဖွယ်သုံးကာ အမျိုးအမည် မသိစွန့်စားမှုအတ္တရာယ်များရဲ့ဘုံအတွေ့အကြုံအပေါ်အခြေခံတဲ့ အပြန်အလန်မျှဝေခံစားမှုများတည်ဆောက်ထားကြပါတယ်။ ကျွန်မရဲ့လုပ်ဖော်ကိုင်ဘက်များနဲ့ကျွန်မဟာ လွန်ခဲ့တဲ့အနှစ်၂၀ကျော်မှာကြမ်းတမ်းတဲ့ခရီးလမ်းကိုလျှောက်လှမ်းခဲ့ကြပါတယ်။ တကမ္ဘာလုံးသိနေတဲ့စိန်အခေါ်ဆုံးတခုဖြစ်တဲ့ပြန်လည်နေရာချထားခြင်းနဲ့ ပြန်လည်တည်ဆောက်ခြင်းများရဲ့တောင်အတက်လမ်းပေါ်မှာ ဂျပန်လူမျိုးများ စတင်တက်နေကြတာ

စာမျက်နှာ ၇ သို့

# ၉၀ ရွေးကောက်ပွဲရလဒ် အကောင်အထည်မဖော်ခဲ့သည့်အပေါ် ဒေါ်စုဝေဖန်

**DVB ၊ မေ ၂၇ ။** ။ အာဏာလိုချင်၍မဟုတ် တိုင်းပြည်သမိုင်းကြောင်း ကောင်းဖို့အတွက်သာ ၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုဖို့ တောင်းဆို နေရတာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲရလဒ်ကို နဝတနဲ့ နအဖစစ်အစိုးရလက်ထက်တွေမှာ အသိအမှတ်မပြု ပယ်ဖျက်ခဲ့တာဟာ ပြည်သူလူထုရဲ့ဆန္ဒကို အလေးမထားခဲ့တာ ဖြစ်ကြောင်းနဲ့ ဒီရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုဖို့ တောင်းဆိုနေရတာဟာ အာဏာလိုချင်လို့ မဟုတ်ဘဲ တိုင်းပြည်သမိုင်းကြောင်း ကောင်းဖို့အတွက်သာ တောင်းဆိုနေရတာဖြစ်ကြောင်း အဲ့ဒီရွေးကောက်ပွဲမှာ မဲအပြတ်အသတ်နဲ့ အနိုင်ရရှိခဲ့တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။ ဒီကနေ့ အဖွဲ့ချုပ် ဌာနချုပ်မှာပြုလုပ်တဲ့ ၁၉၉၀ ရွေးကောက်ပွဲအောင်ပွဲ အထိမ်းအမှတ် ၂၁ နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားမှာ ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်တာဖြစ်ပါ တယ်။

"၁၉၉၀ ခုနှစ်ရွေးကောက်ပွဲဟာ ၁၉၈၈ ခုနှစ် ပြည်သူလူထုရဲ့အုံကြွမှုကြီးကနေပြီးတော့ ပေါက်ဖွားလာတဲ့ ရွေးကောက်ပွဲဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲကို ကျင်းပစဉ်အခါတုန်းက ကျမတို့ကို ပေးခဲ့တဲ့ ကတိတွေ၊ အဲဒီတုန်းက နဝတပေါ့နော်၊ ပေးခဲ့တဲ့ကတိတွေဆိုတာ ပြည်သူလူထုကို ပေးခဲ့တဲ့ ကတိတွေပြီးတော့ နိုင်ငံတနိုင်ငံဟာ သိက္ခာရှိဖို့၊ နိုင်ငံတနိုင်ငံဟာ တိုးတက်ဖို့ဆိုတာဟာ အခြေခံအားဖြင့် ပြည်သူလူထုကိုလေးစားရမယ်။ ပြည်သူလူထုကိုလေးစားရမယ်ဆိုတာ ပြည်သူလူထုကို မလှည့်ဖြားရဘူး။ ပြည်သူလူထုကို အခုတမျိုးပြောပြီး နောက် စကားတမျိုးမပြောရဘူး။ ဒါကြောင့်မို့လို့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုတာကို ကျမတို့က အမြဲကန့်ကွက်တယ်။ အမြဲကန့်ကွက်တဲ့အကြောင်းက အန်အယ်လ်ဒီကို အာဏာမပေးလို့မဟုတ်ဘူး။ ပြည်သူလူထုကိုမလေးစားလို့၊ ပြည်သူလူထုကို မျှော်လင့်ချက်တွေပေးပြီးတော့ ဒီမျှော်လင့်ချက်တွေကို ချေဖျက်လို့၊ အဲဒါကြောင့်မို့လို့ ကျမတို့ကနေပြီးတော့ ဒါကို မလုပ်ကောင်းတဲ့ကိစ္စ၊ မလုပ်ကောင်းတဲ့ ကိစ္စဆိုတာ ဒီတိုင်းပြည် သမိုင်းအတွက် မကောင်းဘူး။ ကျန်ခဲ့တဲ့ သမိုင်းမဟုတ်ဘူး နောင်လာမယ့် သမိုင်းအတွက် မကောင်းဘူး။ ဒီရွေးကောက်ပွဲရလဒ်တခုကို မကြိုက်လို့ရှိရင် ပြည်သူလူထုက ဘယ်လောက်ပဲ ဆန္ဒကို ရှင်းရှင်းလင်းလင်း ဖော်ပြဖော်ပြချေဖျက်တယ်ဆိုတာ မလုပ်ကောင်းတဲ့ အလုပ်တခု။ဒါကြောင့်မို့ ကျမတို့က ထပ်တလဲလဲ ၁၉၉၀ ရွေးကောက်ပွဲကို မမေ့သင့်ဘူးဆိုတာ ကျမတို့ပြောနေတာပါ။ ကျမတို့က အာဏာ တောင်းနေတာ မဟုတ်ပါဘူး။"

ဒ့ါအပြင် ဒေါ်အောင်ဆန်းစုကြည်က ရွေးကောက်ပွဲတွေရှိတိုင်း ဒီမိုကရေစီရှိတာ မဟုတ်ဘဲ အစိုးရတွေက ပြည်သူတွေအပေါ် ဘယ်လောက် အလေးထားသလဲဆိုတာသာ အရေးကြီးကြောင်းကိုလည်း ဒေါ်အောင်ဆန်းစုကြည်က သူ့မိန့်ခွန်းထဲမှာ ထည့်သွင်း ပြောကြားခဲ့ပါတယ်။ အခမ်းအနားမှာတော့ မကြာသေးခင်ကမှ ပြန်လည်လွတ်မြောက်လာတဲ့ နိုင်ငံရေး အကျဉ်းသားတွေကိုကြိုဆိုနှုတ်ခွန်းဆက်တဲ့အစီအစဉ်နဲ့ ရွေးကောက်ပွဲဆိုင်ရာ စာတမ်းတွေကိုစာတမ်းရှင် ၃ ဦးက ဖတ်ကြားခဲ့ကြပါတယ်။ အကျဉ်းထောင်က လွတ်လာတဲ့နိုင်ငံရေး အကျဉ်းသားဟောင်းတွေကို ကြိုဆိုနှုတ်ဆက်တဲ့ အခမ်းအနားနဲ့ရွေးကောက်ပွဲဆိုင် ရာ စာတမ်းသုံးစောင်ဖတ်ကြားတဲ့အခမ်းအနားဆိုပြီး နှစ်ပိုင်းခွဲကျင်းပခဲ့တယ်လို့ အခမ်းအနားအစီအစဉ်တွေနဲ့ပတ်သက်ပြီး ဦးအုန်းကြိုင်က ပြောပါတယ်။

အခမ်း အနားပထမပိုင်းမှာ ဒုတိယဥက္ကဋ္ဌဦးတင်ဦးနဲ့ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့က ကြိုဆိုနှုတ်ခွန်းဆက် စကားတွေ ပြောကြားခဲ့တယ်လို့ဆိုပါတယ်။ ဒုတိယပိုင်း အစီအစဉ်မှာ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ရခြင်းနဲ့ပတ်သက်တဲ့ တိုင်းရင်းသားတွေရဲ့အမြင်ကို အက်စ်အန်အယ်လ်ဒီတွဲဖက်မှူးဦးစိုင်းစောအောင်က ဖတ်ကြားပြီး ၁၉၉၀ ပြည်နှစ်ရွေးကောက်ပွဲဘာကြောင့်ဝင်ခဲ့ရသလဲ ဆိုတာ စာတမ်းကိုတော့ အန်အယ်လ်ဒီက စီအီးစီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းမြင့်ကဖတ်ကြားပြီး ၂၀၁၀ ရွေးကောက်ပွဲ ဘာကြောင့် မဝင်ခဲ့ရသလဲဆိုတာနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဒီမိုကရေစီပါတီကဦးဖြိုးမင်းသိန်းက ဒီစာတမ်းကို ဖတ်ကြားခဲ့တယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။ ဒီကနေ့ အခမ်းအနားကိုတော့ အဖွဲ့ချုပ်ခေါင်းဆောင်တွေအ ပါဝင်နိုင်ငံရေးအကျဉ်းသားဟောင်းတွေ၊ အမျိုးသမီးအဖွဲ့ဝင်တွေ၊ လူငယ်အဖွဲ့ဝင်တွေနဲ့ ပြည်တွင်းပြည်ပ သတင်းမီဒီယာတွေလည်း တက်ရောက်ခဲ့ကြပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အန်အယ်လ်ဒီဟာ ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာနိုင်ငံတဝန်းမှာ ၈၀ ရာခိုင်နှုန်းကျော်နဲ့အနိုင်ရရှိတဲ့ ပါတီဖြစ်ပေမယ့် စစ်အစိုးရက အာဏာလွှဲပြောင်းပေးဖို့တာဝန်ပျက် ကွက်ခဲ့ပါတယ်။

---

## မျက်နှာဖုံးမှ

မိမိတို့ယုံကြည်ချက်ကို ဆုပ်ကိုင်မိလို့အခုလို အကျဉ်းချခံ နေကြရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

"သူတို့အားလုံးဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ကြိုးပမ်းနေသူတွေဖြစ်ပါတယ်။ သူတို့ရဲ့ ယုံကြည်မှုအတိုင်း ဆောင်ရွက်နေကြသူတွေပါ။ ဒီအမျိုးသမီးတွေ အမြန်ဆုံး ပြန်လည်လွတ်မြောက်လာဖို့ အားလုံးတတ်စွမ်းသမျှ လုပ်ဆောင်ပေးစေချင်ပါတယ်။ ကျမတို့ဟာ မြန်မာပြည်ကြီး ငြိမ်းချမ်းစေချင်ပါတယ်။ ကမ္ဘာကြီးလည်း ငြိမ်းချမ်းစေချင်ပါတယ်။"

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို စဉ်းစားတဲ့ အခါမှာ ကျူး လွန်တဲ့လူရော နစ်နာခံစားရသူ အမျိုးသမီးများပါ တကယ်တော့ သားကောင်တွေ ဖြစ်ကြတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ဒီအတွက်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အဆုံးသတ်နိုင်ဖို့ဆိုရင် အမျိုးသမီးတွေကိုတင် မဟုတ်ဘဲ အမျိုးသားတွေကိုပါ ပညာပေးရေး လုပ်ရမယ်လို့ ပြောပါတယ်။

"အမျိုးသားတွေကို မှန်မှန်ကန်ကန် ပညာပေးမယ်၊ အမျိုးသမီးတွေကိုလည်းမှန်မှန်ကန်ကန်ကိုယ့်ကိုယ်ကို ယုံကြည်မှုပြည့်လာအောင် အရည်အသွေး မြှင့်တင်ပေးမယ်ဆိုရင် လူ့အဖွဲ့အစည်း တရပ်မှာ တကယ့်ကို လက်တွဲဘက်တွေဖြစ်လာပြီး ကမ္ဘာကြီးဟာလည်း မှန်ကန်တဲ့ဘက်ကို ရောက်လာပါလိမ့်မယ်။"

အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအဆုံးသတ်ရေးနိုင်ငံတကာ ညီလာခံကို Nobel Women Initiative အဖွဲ့ကြီးက ဦးဆောင်ပြုလုပ်တာဖြစ်ပြီး ဒါဟာ တတိယအကြိမ်မြောက်လို့သိရပါတယ်။ အထူးသဖြင့်တော့ စစ်ပွဲတွေ၊ ပဋိပက္ခတွေအတွင်း အကြမ်းဖက်ခံနေရတဲ့ အမျိုးသမီးတွေအခြေအနေကို အဓိက မီးမောင်းထိုးဆွေးနွေးကြတဲ့ အစည်းအဝေးဖြစ်ပါတယ်။

# ဒေါ်အောင်ဆန်းစုကြည် ခရီးထွက်ခဲ့သော်

**ရဲဘော် ဖိုးသံချောင်း**

**မဇ္ဈိမ အင်တာနက်စာမျက်နှာမှ ကူးယူဖော်ပြပါသည်**

တလောတုန်းက ဒေါ်အောင်ဆန်းစုကြည်က သူမကြာမီ နယ်ဆင်းမယ်လို့ ကြေညာသွားပါတယ်။နိုင်ငံရေးခေါင်းဆောင်တယောက် နယ်ဆင်းတာ ဘာများဆန်းလို့လဲလို့ မေးကောင်းမေးလာနိုင်ပါတယ်။ ဟုတ်ပါတယ်၊ တခြားနိုင်ငံ၊ တခြားအခြေအနေမှာဆိုရင် ဘာမှမဆန်းပါဘူး။ ဒါပေမဲ့ ဒါဟာဗမာပြည်ဖြစ်နေပြီး ဒေါ်အောင်ဆန်းစုကြည် နယ်ဆင်းမယ်ဆိုတဲ့အချိန်ဟာ အရပ်ဝတ် စစ်အစိုးရတက်လာကာစ အချိန်ဖြစ်တဲ့အပြင် ဒီပဲယင်း အရေးအခင်း ရှစ်နှစ်ပြည့်ကာလနဲ့လည်း တိုက်ဆိုင်နေတော့ စဉ်းစားစရာတွေ၊ ပြောစရာတွေဖြစ်လာပါတယ်။

သေချာတာတခုက ဒေါ်စုသာခရီးထွက်လိုက်ရင် ဗိုလ်ချုပ်တဖြစ်လဲ ဦးသိန်းစိန်ရဲ့အစိုးရက ဘာလုပ်မလဲဆိုတာဟာ သိပ်စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စ ဖြစ်ပါတယ်။ ဗိုလ်သန်းရွှေလို တဖောက်ကန်းလုပ်မလား၊ သူတို့ရဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို အနက်ဖွင့်ပြမလား၊ ဘာမှမလုပ်ပဲ ဒီအတိုင်းပဲကြည့်နေမလား၊ ရင်တမမစောင့်ကြည့်ရမယ့်ကိစ္စ ဖြစ်လာမှာကတော့ သေချာပါတယ်။ နောက်ပြီး ဗိုလ်ချုပ်ဦးသိန်းစိန်ရဲ့မိန့်ခွန်းရဲ့ တကယ့်အနှစ်သာရကိုလည်း ကမ္ဘာက မြင်လာရစရာရှိပါတယ်။

နိုင်ငံသားတဦးရဲ့ ဒီမိုကရေစီ အခွင့်အရေးကို ကာကွယ်ရမယ့် တာဝန်ကို နိုင်ငံရေး အဖွဲ့အစည်းနဲ့ နိုင်ငံရေးသမားဆိုသူတွေက ခေါင်းရှောင်လို့ မဖြစ်ပါဘူး။ ဗိုလ်ချုပ်ဦးသိန်းစိန်ရဲ့ အရပ်ဝတ်စစ်အစိုးရဟာ ၂၀၀၃ မေ ၃၀ တုန်းကလို မလုပ်လေ ဘူးလို့ထင်ရပေမယ့် အာဏာရကာစ ကြံ့ဖွတ်တွေက နည်းသဏ္ဍာန် မျိုးစုံနဲ့ "ဆန္ဒပြ" တာလောက်တော့ ဖြစ်နိုင်သေးတယ်လို့ ယူဆရပါ တယ်။

ဒေသခံကြံ့ဖွတ်တွေက အစိုးရအလိုကျ လက်စွမ်းပြ မျက်နှာလုပ် တာဖြစ်နိုင်သလို ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်း တွေက "ဥပဒေအရ"လုပ်ဆောင်ပြတာတွေလည်းဖြစ်နိုင်တယ်။သူတို့ရဲ့ အကော်ဒီယံလို ဥပဒေကလည်း ဆွဲလိုဆွဲ၊ စေ့လိုစေ့လုပ်လို့ရတာကိုး။ တွေးကြည့်လိုက်ရင်တော့ သူတို့အုပ်စိုး သူများဘက်က လုပ်လာနိုင်စရာတွေက အများကြီး ရှိပါတယ်။ အာဏာရ သူနဲ့အာဏာမဲ့သူ ယှဉ်လိုက်ရင် အာဏာရသူဘက်က ရွေးချယ်စရာ ပိုများလေ့ ရှိတယ်ဆိုတဲ့ တရားအတိုင်းပါပဲ။ အရပ်ဝတ်စစ်အစိုးရက မလုပ်လေဘူးလို့တွက်မိတာကြောင့် ခံလိုက်ရတယ်ဆိုရင် သမိုင်းက ကိုယ့်ကို အပြစ်တင်လာနိုင်စရာရှိပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြောခဲ့ပြီဆိုတော့ နယ်ခရီးကို ထွက်ကိုထွက်ရတော့မှာပါ။ နောက်ဆုတ်လို့မဖြစ်တော့ပါဘူး။ ကိုယ့်ဘက်က အဘက်ဘက်ပြင်ဆင်ပြီးမှ သွားတာဖြစ်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်။ သတိပေါ့လို့တော့မဖြစ် ပါဘူး။ တချိန်ထဲမှာစဉ်း စားရမှာက ဒီလိုကြိုကြေညာထားတဲ့အတွက် အစိုးရဘက်ကပြင်ဆင်ချိန်ကောင်းကောင်းရသွား တယ်ဆိုတာပါပဲ။

တဆက်ထဲ ဒီခရီးကြောင့်ဗမာပြည်နိုင်ငံရေးနယ်ပယ်က အစိုးရမဟုတ်တဲ့အင်အားစုတွေအထဲမှာ မတူတဲ့အမြင်တွေ အမျိုးမျိုးပေါ်လာနိုင်ပါတယ်။ ပစဉ်းလုံဖျားနား ကြီးကန်ချေးပါတာမျိုးရှိနိုင်သလို ဖြစ်ပေါ်လာတဲ့အကျိုးဆက်ကို ကြည့်ပြီး ဝေဘန်တာတွေလည်းဖြစ်နိုင်ပါတယ်။ ဘေးထိုင်ဘုပြောတာတွေကတော့ မုချပေါ်လာမှာပါ။

တဖက်နဲ့တဖက်က ရာစုနှစ်တဝက်နီးပါး ရင်ဆိုင်ခဲ့ကြတာဆိုတော့ နှစ်ဖက်စလုံးဟာ အံခွ နေတယ်လို့တောင် ဆိုနိုင်တဲ့အခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် ငါညံ့လို့ ခံလိုက်ရတာမျိုး ဖြစ်ရင်တော့ ဒါဖြင့် အရပ်ဝတ်အစိုးရထဲမှာရော မတူတဲ့အမြင်တွေပေါ်မလာနိုင်ဘူးလား။ ဒီပဲယင်း အရေးအခင်းအပြီး မကြာခင်မှာ ဗိုလ်ခင်ညွန့်ပြုတ်သွားခဲ့တာကို ပြန်စဉ်းစားလိုက်ရင် တန်ပြန်အကျိုးသက် ရောက်မှုတွေမရှိနိုင်တာမဟုတ်၊ရှိနိုင်တယ်လို့ဆိုရမှာပါ။အမှန်ပဲ ရာထူးဌာနန္တရ ရကာစပုဂ္ဂိုလ်များကတော့ ပြောဝံ့၊ လုပ်ဝံ့မယ် မထင်ရပါဘူး။ ဒါပေမဲ့ ဗိုလ်ချုပ်ဦးသိန်းစိန်အနေနဲ့ ဘာလုပ်မ ယ်ဆိုတာအပေါ် အများကြီးမူတည်ပါတယ်။ သူ့နောက်က ဗိုလ်သန်းရွှေတို့က ဘာညွှန်ကြားမလဲဆိုတာကိုလည်း ထည့်စဉ်းစား ရပါလိမ့်မယ်။

တကယ်တမ်းသာ ဒီခရီးထွက်ဖြစ်တယ်ဆိုရင် အစိုးရသစ်က ဒီပဲယင်းတုန်းကလို မလုပ်အောင် နိုင်ငံရေးအဖွဲ့အစည်း အားလုံးက ဆန္ဒတွေ ဖော်ပြသင့်ပါတယ်။ ကိုယ်နဲ့တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ နိုင်ငံသားတဦးရဲ့ ဒီမိုကရေစီအခွင့်အရေးကို ကာကွယ်ရမယ့်တာဝန်ကို နိုင်ငံရေးအဖွဲ့အစည်းနဲ့ နိုင်ငံရေးသမားဆိုသူတွေက

ခေါင်းရှောင်လို့မဖြစ်ပါဘူး။ နအဖရဲ့ ရွေးကောက်ပွဲကို ဝင်တုန်းက ဒါဟာနအဖပေးတဲ့ "ဒီမိုကရေစီအခွင့်အရေး" ကို ခံစားခဲ့ကြတယ်ဆိုသူတွေဟာ ဒီလိုအရေးအခင်းကြုံလာရင် ဒီမိုကရေစီ ဘက်က ရပ်ပဲ့မလား စောင့်ကြည့်ရပါမယ်။

ပြောရရင် ဗမာပြည်နိုင်ငံရေးမှာ စစ်အာဏာရှင်စနစ်နဲ့ဆယ်စုနှစ်ပေါင်းများစွာ ရင်ဆိုင်တိုက်ပွဲဝင်ခဲ့ကြသူတွေအဖို့ ဒီအရပ်သားစစ်အစိုးရက ဘာလုပ်လာမယ်ဆိုတာကို အတိအကျမပြော နိုင်ပေမယ့် သတိကြီးကြီး ထားရကောင်းမှန်းတော့ သိကြပါတယ်။ ပြောရရင် တဖက်နဲ့တဖက်က ရာစုနှစ်တဝက်နီးပါး ရင်ဆိုင်ခဲ့ကြတာဆိုတော့ နှစ်ဖက်စလုံးဟာ အံခွ နေတယ်လို့တောင် ဆိုနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ငါညံ့လို့ခံလိုက်ရတာမျိုး ဖြစ်ရင်တော့ ဖြစ်တဲ့ဘက်က ခံပေရှော့ဖြစ်ပါလိမ့်မယ်။

တခုခုလုပ်မယ်ဆိုရင် ကျန်တဲ့ အင်အားစုတွေ၊ ပြည်သူလူထုတွေပါ ပါလာအောင်ဘယ်လို လုပ်မယ်ဆိုတဲ့ စဉ်းစားမှုအမြဲရှိသင့်ပါတယ်။ ၂၀၀၃ တုန်းက ဦးတင်ဦးနဲ့ဒေါ်အောင်ဆန်းစုကြည်တို့ဟာ လူထုကိုအားကိုး၊ လူထုနဲ့အတူချီတက်ခဲ့တာမှန်ပေမယ့် ဗိုလ်သန်းရွှေတို့ရဲ့ ရက်စက်ယုတ်မာနိုင်စွမ်းဟာ သာမန်လူ မှန်းဆ နိုင်တာထက် အဆပေါင်းများစွာ ပိုနေတာနဲ့ ကြုံခဲ့ရပါတယ်။ ဒီတခါမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အဲဒီသင်ခန်းစာကိုယူထားလိမ့်မယ်လို့ မျှော်လင့်ရ ပါတယ်။ သင်ခန်းစာဆိုတဲ့အထဲမှာ အရေးကြီးတဲ့တခုက လွန်ခဲ့တဲ့ရှစ်နှစ်တုန်းက NLD အင်အားထု တခုတည်းနဲ့ရင်ဆိုင်ခဲ့ တာဟာ မလုံလောက်ဘူးဆိုတဲ့အချက်ဖြစ်ပါတယ်။ ၂၀၀၇ သံဃာ့အရေးတော်ပုံမှာ သံဃာတော်တွေချည်း လှုပ်ရှားတာ မလုံလောက်ဘူးဆိုတာတွေ့ခဲ့ရပါပြီ။ ဒါကြောင့် တခုခုလုပ်မယ်ဆိုရင် ကျန်တဲ့အင်အားစုတွေ၊ ပြည်

**စာမျက်နှာ ၇ သို့**

# ကိုယ်ထူကိုယ်ထပညာဒါန အမေ့အိမ်ကျောင်း ပြောင်းရွှေ့ဖို့ ဖိအားပေးခံရ

**RFA | မေ ၂၃ ။** ။ ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ်မှာ ဖွင့်လှစ်ထားတဲ့ ကိုယ်ထူကိုယ်ထ ပညာဒါန သင်တန်းကျောင်းတခုကို အာဏာပိုင်တွေက နည်းမျိုးစုံနဲ့ ဖိအားပေးနေတယ်လို့ စုံစမ်းသိရပါတယ်။

ဒီကျောင်းဟာ အမေ့အိမ် ပညာဒါနအမည်နဲ့ အင်္ဂလိပ်စာ ဘာသာရပ်ကို ရပ်ကွက်အတွင်းနေထိုင်တဲ့ကျောင်းသားလူငယ်တွေကိုအခမဲ့ သင်ကြားပေးနေတာပါ။ သင်တန်းကို နေ့စဉ် ထောက်လှမ်းရေးတွေက စောင့်ကြည့်နေပြီး အိမ်ရှင်ကိုလည်း လက်မခံဖို့ ဖိအားပေးပြောဆိုခဲ့တယ်လို့ သိရပါတယ်။

ဒီကနေ့ မေလ ၂၃ ရက် ညနေပိုင်းမှာ သင်တန်းကျောင်းဖွင့်လှစ်ထားတဲ့နေရာကိုအိမ်ပိုင်ရှင်ကဆက်လက်မငှားရမ်းနိုင်တော့တဲ့အကြောင်း လာရောက်ပြောဆိုခဲ့တယ်လို့ သင်တန်းဖြစ်မြောက်ရေးတာဝန်ခံ မသီတာက ပြောပါတယ်။

“သင်တန်းပြီးလောက်တဲ့အချိန်ကျမှ အဲဒီအိမ်ရှင်ကနေပြီးတော့ ကျွန်မတို့ဆီကို သူက ဒေါသထွက်တဲ့ ပုံစံမျိုးနဲ့ပေါ့နော်၊ ရောက်လာတယ်။ ရောက်လာပြီးတော့ သူက ကျွန်တော်တို့ကပေါ့နော်၊ ဒီလိုရှုပ်ရှုပ်ယှက်ယှက်ကို ကျွန်တော်တို့က လက်မခံနိုင်ဘူး၊ အဲဒီတော့ခင်ဗျားတို့တွေကို ကျွန်တော်တို့မထားနိုင်တော့ဘူး။ သူက အဲလိုမျိုးပြောတယ်။”

“ခင်ဗျားတို့ကို မထားနိုင်တော့ဘူး၊ ခင်ဗျားတို့ အိမ်ရှာတော့လို့ ပြောတယ်။ ကျွန်မက မဟုတ်ဖူး အစ်ကို ကျွန်မတို့ကို ဘာဖြစ်လို့မထားနိုင်တာလဲ၊ ကျွန်မတို့က ဘာလုပ်နေလို့လဲပေါ့နော်။ ကျွန်မကအဲလိုမျိုးမေးတော့ မဟုတ်ဖူး ခင်ဗျားတို့ အဲလိုမျိုး လုပ်တာကိုတဲ့ ကျွန်တော့ကို ဒီလိုပေါ့ စစ်ထောက်လှမ်းရေးက လာပြောတဲ့အတွက် ကျွန်တော်တို့ကတဲ့ ဒီလို စစ်လားဆေးလားကို ကျွန်တော်တို့က မကြိုက်ဖူးပေါ့နော်။ မကြိုက်တဲ့အတွက်ကြောင့်မို့ ဒါ အစ်မတို့ကို ကျွန်တော်တို့ မထားနိုင်တော့ဘူး အဲလိုမျိုးပြောတယ်။”

သင်တန်းကျောင်းကို ဆက်လက်ဖွင့်လှစ်နိုင်ဖို့ လက်ခံ ငှားရမ်းမဲ့နေရာကို ကြိုးစား ရှာဖွေရဦးမယ်လို့လည်း မသီတာက ပြောပါတယ်။

အမေ့အိမ်ပညာဒါန သင်တန်းကျောင်းကိုပြီးခဲ့တဲ့ ဇန်နဝါရီလမှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒီကျောင်းဖြစ်မြောက်ဖို့ လူမှုရေးနဲ့ ပညာဒါန စိတ်ဝင်စားတဲ့ လူငယ်တွေက ကိုယ်ထူကိုယ်ထတည်ထောင်ခဲ့ တာလို့ မသီတာကဆိုပါတယ်၊လာရောက်သင်ကြားပေးတဲ့ဆရာတွေကလည်း စေတနာ့ဝန်ထမ်းအလျောက် သူတို့တတ်မြောက်ထားတဲ့ပညာရပ်တွေကို လာရောက်သင်ကြားပေးနေတာဖြစ်ပါတယ်။

---

**စာမျက်နှာ ၄ မှ**

ကျွန်မတို့မြင်တွေ့ကြရတဲ့အခါ ကျွန်ုပ်တို့ဟာနက်နက်ရှိုင်းရှိုင်းအကြင်နာသက်ရရုံမျှသာမက အောင်မြင်မှုအပေါင်းရရှိစေကြောင်း စိတ်အားထက်သန်စွာဆန္ဒပြု ဆုမွန်ချွေသလိုက်ရပါတယ်။

ကျွန်ုပ်တို့ရဲ့ကိုယ်ပိုင်ဒုက္ခဆင်းရဲများနဲ့ အခက်အခဲများကိုကျော်လွှန်အောင်မြင်လာဘို့ဆန္ဒပြုဆုတောင်းသကဲ့သို့ ဂျပန်လူမျိုးများလဲသူတို့ရဲ့ဒုက္ခဆင်းရဲများနဲ့အခက်အခဲများကို ကျော်လွှားအောင်ပွဲခံနိုင်ကြပါစေရန်ကျွန်ုပ်တို့လိုလားလျက်ပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဖိနှိပ်ချုပ်ခြယ်ခြင်းလှိုင်းတံပိုးများကိုစီးနေကြရပါတယ်။ အဆိုးဆုံးကာလများမှာတော့ညကဘယ်သူများအဆွဲခံလိုက်ရပြီလဲဆိုတဲ့ စုံစမ်းမှုနဲ့ နေ့စဉ်စတင်ခဲ့ကြရပါတယ်။ တနင်္လာနေ့များဟာ အထူးသဖြင့် ဆိုးရွားလှပါတယ်။ ကျွန်ုပ်တို့အဖွဲ့ဝင်များတဦးနဲ့တဦးဆက်သွယ်မှုခက်ခဲမဲ့စနေ၊ တနင်္ဂနွေများမှာ လုံခြုံရေးတပ်များဟာ အန္တရာယ်ပေးမဲ့သူတို့ရဲ့ လုပ် ငန်းများကိုလုပ်ကိုင်တတ်လို့ပါ။ ကျွန်ုပ်တို့ရုံးနဲ့အိမ်က ဖုံးများနှစ်ပေါင်း များစွာအဖြတ်ခံထားရပါတယ်။ ကျွန်ုပ်တို့ရဲ့အတက်ကြွဆုံးရဲဘော်ရဲဘက်များရဲ့ဖုံးများလဲ အချိန်တိုင်းအဖြတ်ခံနေကြရပါတယ်။ ဒါတွေကတော့ လက်ကိုင်ဖုံးပေါ်ထွန်းမှုမတိုင်မီနေ့များဖြစ်ပါတယ်။ အချိန်များစွာ ဆုတောင်းနေခဲ့ရတာပါ။

သူတို့ရဲ့ကိုယ်ပိုင်အိပ်ရာတွေပေါ်မှာငြိမ်းချမ်းစွာအိပ်စက်နေနိုင်ဘို့တရားဥပဒေနဲ့လူမှုကျင့်ဝတ်များရဲ့ သတ်မှတ်ချက်များမှသွေဖီကာ အဆွဲခံရသူများရဲ့ သတင်းအချက်အလက်များကိုရနိုင်ရန် ကျွန်ုပ်တို့ရဲ့ လူငယ်များကိုပြေးလွှားစုဆောင်းစေခဲ့ရပါတယ်။ ဒီလိုရက်စက်တဲ့စီရင်မှုများရှိနေတဲ့ရက်များအတွင်း ကျွန်ုပ်တို့ရဲ့ဆင်ခြင်တုံတရားနဲ့ရှင်ပြုညာဏ်ခံစားမှုတွေမှုလအခြေမပျက်ထိဆက်မှုရှိအောင် အဘယ်အရာက စွမ်းဆောင်ပေးနိုင်ပါ့မလဲ။

ဒါဟာကျွန်ုပ်တို့ရဲ့ပြင်းထန်တဲ့ စည်းလုံးညီညွတ်ခြင်းရဲ့ခံစားမှုဖြစ်ခဲ့ပါတယ်။ ဘယ်လောက်ကြီးမားတဲ့ဖိနှိပ်မှုကိုမဆိုကျော်လွှားသွားဘို့ဒီခံစားမှုကကျွန်ုပ်တို့နောက်ကျောများကိုဖြောင့်မတ်ပေးခဲ့ပါတယ်။

ကျွန်ုပ်တို့ရဲ့စည်းလုံးညီညွတ်မှုကို ကပ်ဘေးသင့်ဂျပန်ဒေသတွင်း မှပြည်သူများကိုကျွန်ုပ်တို့ပေးပါတယ်။ ပြန်လည်နလန်ထူရေးနဲ့ ပြန်လည်အသစ်ဖြစ်ရေးခရီးကိုသွားနေတဲ့ သင်တို့နဲ့အတူကျွန်ုပ်တို့အတူရှိနေပါတယ်။ ဒီလအတွက်ပေးစာရဲ့အကြောင်းအရာကိုဆုံးဖြတ်ဘို့ကြိုးစားနေစဉ်မှာ ကျွန်မကိုယ်ကိုကျွန်မမေးခွန်းထုတ်ခဲ့ပါတယ်။ဒီလိုအချိန်မျိုးမှာယနေ့ ဂျပန်ရဲ့အဓိကနေရာယူနေတဲ့ အကြောင်းခြင်းရာနဲ့ မဆီလျော်မဲ့ရေးသားမှုမျိုးဟာအံဝင်ပါ့မလားလို့။ ဆူနာမီနဲ့သူ့ရဲ့အကျိုးဆက်တို့နဲ့မသက်ဆိုင်တဲ့အကြောင်းအရာဟာ ဒုက္ခခံစားနေကြရတဲ့ ပြည်သူများအတွက် ကြိုဆိုစရာအပြောင်းအလဲဖြစ်စေပါ့မလားလို့။ ပြီးခဲ့တဲ့လက 'တိရစ္ဆာန်များအကြောင်းစကားလက်ဆုံ'ကို ရွှေ့ဆိုင်းဘို့ ဆုံးဖြတ်ခဲ့ပါတယ်။ အခုလိုအရေးအခင်းဖြစ်ချိန်မှာတိရစ္ဆာန်အကြောင်း စမြုံ့ပြန်ခြင်းဟာသင့်လျော်မယ်လို့မထင်လို့ပါ။ နောက်လလို့စဉ်းစားခဲ့ပါတယ်။ အဲဒီနောက်လဆိုတာ အခုအချိန်ပေါ့။ ကျွန်မလက်တွန့်နေပါသေးတယ်။ သင့်တော်ပါ့မလားလို့။

အခုလိုအချိန်မျိုးမှာ ဂျပန်ပြည်သူတွေဖတ်ချင်မဲ့အတွေးအမြင်မျိုးကိုကျွန်မမှာရှိနိုင်ရင် ကောင်းမယ်လို့သိမြင်ခဲ့ရပါတယ်။ကျွန်မရဲ့စာဖတ်ပရိသတ်များက ကျွန်မရဲ့စာများဟာသူတို့ကိုဘယ်လိုအကောင်းဆုံးကူညီနိုင်မလဲဆိုတာ ကျွန်မကိုအသိပေးနိုင်ကြပါ့မလားရှင်။

❖❖❖❖❖

# ရှမ်းပြည်တပ်မတော် SSA တောင်နဲ့မြောက် ပေါင်းစည်းဖို့ သဘောတူ

**VOA ၊ မေ ၂၃ ။** ။ ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်းနဲ့တောင်ပိုင်းတို့ဟာ မကြာမီတဖွဲ့တည်းအဖြစ် ပေါင်းစည်းတော့မယ်လို့ ပြီးခဲ့တဲ့ စနေနေ့ မေလ ၂၁ ရက်နေ့က ကြေညာခဲ့ပါတယ်။ ဒီလို ပေါင်းစည်းကြမယ့် ရှမ်းတိုင်းသားတပ်ဖွဲ့တွေကတော့ ရှမ်းပြည်တိုးတက်ရေးပါတီ SSPP လက်အောက်ခံ ဗိုလ်ချုပ်ပန်ဖ ခေါင်းဆောင်တဲ့ရှမ်းပြည် တပ်မတော်-မြောက်ပိုင်း SSA-North တပ်မဟာ ၁ အစုနဲ့ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) လက်အောက်ခံ ဒု-ဗိုလ်ချုပ်ကြီး ယွက်ဆစ်ခေါင်းဆောင်တဲ့ ရှမ်းပြည်တပ်မတော်-တောင်ပိုင်း SSA-South) တပ်ဖွဲ့တွေဖြစ်ပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် ကိုမိုးဇော်က တင်ပြထားပါတယ်။

အစိုးရကို ဆန့်ကျင်နေတဲ့ ရှမ်းတပ်ဖွဲ့နှစ်ဖွဲ့ ပူးပေါင်းတော့မယ်ဆိုတဲ့ သတင်းကို ၅၃ ကြိမ်မြောက် ရှမ်းအမျိုးသားများတော်လှန်ရေးနေ့မှာ ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ RCSS ရဲ့ ဥက္ကဋ္ဌ ဒု-ဗိုလ်ချုပ်ကြီးယွက်ဆစ်က ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

ရှမ်းအမျိုးသားများ တော်လှန်ရေးနေ့အခမ်းအနားကို ဒီလ ၂၁ ရက် စနေနေ့က ထိုင်း၊ မြန်မာနယ်စပ် SSA တောင်ပိုင်းဌာနချုပ် လွိုင်တန်လျန်းမှာ ကျင်းပခဲ့တာဖြစ်ပြီး ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်းကကိုယ်စားလှယ်အဖွဲ့လည်းအတူတက်ရောက်ခဲ့တာဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ရှမ်းတပ်ဖွဲ့နှစ်ဖွဲ့ ပူးပေါင်းရေးကို ဆွေးနွေးနေဆဲဖြစ်ပြီး မကြာမီအောင်မြင်လိမ့်မယ်လို့ ယုံကြည်ကြောင်း SSA တောင်ပိုင်းရဲ့ပြောရေးဆိုခွင့်ရှိသူ စိုင်းစံမိန်းက ပြောပါတယ်။

"ရှမ်းပြည်တပ်မတော်မြောက်ပိုင်းနဲ့ ကျနော်တို့ ရှမ်းပြည်တပ်မတော်တောင်ပိုင်းတို့ စည်းလုံးညီညွတ်ဖို့ ကြိုးစားနေတဲ့အချိန် ဖြစ်တာပေ့ါနော်။ ရှေ့ကာလတည်းမှာပေ့ါ ကျနော်တို့တစုတစည်းတည်း စုစည်းနိုင်ဖို့ရယ်၊ ရှမ်းပြည်တပ်မတော် တခုတည်းဖြစ်သည်ထိကို ကျနော်တို့ ကြိုးစားနေတဲ့အချိန်ဖြစ်ပါတယ်။ အခု ကျနော်တို့ရဲ့ နိုင်ငံရေးလမ်းစဉ်တွေ ချမှတ်ဖို့အတွက်ပေ့ါနော် အရေးကြီးတဲ့အခန်းကဏ္ဍတွေဆွေးနွေးဖို့လိုတယ်ပေ့ါနော်။အဲဒီကဏ္ဍတွေပြီးဆုံးပြီဆိုရင်တော့ ကျနော်တို့ အောင်မြင်မှုရရှိမယ်လို့တော့ယုံကြည် ပါတယ်ခင်ဗျ။"

လက်ရှိခေါ်ဆိုနေတဲ့ ရှမ်းပြည်တပ်မတော် SSA မြောက်ပိုင်းဟာ ၁၉၈၉ ခုနှစ်က မြန်မာစစ်အစိုးရနဲ့ အပစ်ရပ်ခဲ့တဲ့ ရှမ်းပြည်တပ်မတော် မြောက်ပိုင်းရဲ့ တပ်မဟာ ၁ တပ်ဖွဲ့ ဖြစ်ပါတယ်။ ဒီအဖွဲ့ကိုဗိုလ်ချုပ် ပန်ဖက ဦးဆောင်ပြီး မြန်မာစစ်အစိုးရက တောင်းဆိုတဲ့ ပြည်သူ့စစ် ဖွဲ့စည်းရေးကို လက်မခံခဲ့တဲ့နောက် ဒီနှစ် မတ်လကစပြီး အစိုးရတပ်တွေနဲ့ တိုက်ပွဲတွေပြန်ဖြစ်နေခဲ့ပါတယ်။ သူတို့ဌာနချုပ်က ရှမ်းပြည်နယ် အလယ်ပိုင်း ဝမ်ဟိုင်းဒေသမှာ အခြေစိုက်တာကြောင့် မြန်မာအစိုးရသတင်းစာတွေက SSA ဝမ်ဟိုင်းတပ်ဖွဲ့လို့ ခေါ်ဆိုတဲ့အဖွဲ့ ဖြစ်ပါတယ်။ သူတို့အဖွဲ့ဟာ ပြီးခဲ့တဲ့နှစ်ကုန်ပိုင်းက ရှမ်းပြည်တိုးတက်ရေးပါတီ SSPP နဲ့ ရှမ်းပြည်တပ်မတော် SSA အဖြစ် အပစ်မရပ်ခင်က အမည်ကို ပြန်လည်သုံးစွဲခဲ့ပါတယ်။

ရှမ်းပြည်တပ်မတော် SSA တောင်ပိုင်းကတော့ ၁၉၉၅ ခုနှစ် ဘိန်းဘုရင်ခွန်ဆာရဲ့ မော်ထိုင်း တပ်မတော်ခေါ် MTA ကလက်နက်ချချိန်မှာ သီးခြားခွဲထွက်ပြီး မြန်မာစစ်အစိုးရကို ဆက်လက် တော်လှန်နေတဲ့အဖွဲ့ဖြစ်ပါတယ်။ ဒီအဖွဲ့ကို လက်ရှိ ဒု-ဗိုလ်ချုပ်ကြီး ယွက်ဆစ်က ခေါင်းဆောင်ပြီး နိုင်ငံရေးဦးဆောင်အဖွဲ့ကို ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ RCSS၊ လက်နက်ကိုင်တပ်ဖွဲ့ကို ရှမ်းပြည်တပ်မတော် SSA တောင်ပိုင်းအမည်နဲ့ဆက်လက်လှုပ်ရှားနေတာဖြစ်တယ်။

ဒီနှစ်ဖွဲ့ပေါင်းစည်းနိုင်ရင် ဘယ်အမည်နဲ့ ရပ်တည်မလဲဆိုတာတော့ အတိအကျမရွေးချယ် မသတ်မှတ်ရသေးဘူးလို့ SSA တောင်ပိုင်းရဲ့ ပြောရေးဆိုခွင့်ရှိသူ စိုင်းစံမိန်းက ပြောပါတယ်။

ရှမ်းသံတော်ဆင့် သတင်းဌာနက အယ်ဒီတာချုပ် ဦးခွန်ဆိုင်းကတော့ SSA မြောက်ပိုင်းနဲ့တောင်ပိုင်း တပ်ဖွဲ့တွေဟာ စစ်ရေးအရ ညှိနှိုင်းဆောင်ရွက်မှုတွေ ရှိနေတယ်လို့ ပြောပါတယ်။ ရှမ်းတပ်ဖွဲ့နှစ်ဖွဲ့ပူးပေါင်းပြီးတဲ့နောက်မှာ နိုင်ငံရေးဦးဆောင်ပါတီအဖြစ် ရှမ်းပြည်တိုးတက်ရေးပါတီ SSPP အမည်ကို ဆက်လက်သုံးစွဲဖွယ်ရှိတယ်လို့ဦးခွန်ဆိုင်းက ဆက်ပြောပါတယ်။

"ဘယ်လိုဖြစ်မလဲဆိုတော့ ပါတီကတော့ RCSS ဘက်ကလည်းထောင်ဖို့ စိတ်ကူးရှိနေတာကြာပြီ။ ပေါင်းမယ်ဆိုရင်တော့ ပါတီအသစ်ထပ်ထောင်စရာ မလိုတော့ဘူးပေ့ါဗျာ။ ရှမ်းပြည်တိုးတက်ရေးပါတီ SSPP အမည်ကို သူတို့သုံးမယ်။ ဒါပေမဲ့ ဒီပါတီ စည်းမျဉ်းတွေကိုတော့ သူတို့ လောလောဆယ် ဝေဖန်ဆန်းစစ်နေတယ်လို့ ပြောပါတယ်။ တဘက်ကလည်း RCSS ဆိုတာ စစ်ရေး၊ နိုင်ငံရေးအားလုံးကို ဦးစီးတဲ့ကောင်စီဖြစ်တဲ့အတွက်ကြောင့်မို့ ဦးစီးတဲ့ ကောင်စီကတော့ သူတို့ ပူးပေါင်းပြီးတော့ ဖွဲ့မှာပေ့ါဗျာ။ ပူးတွဲပြီးတော့ ဖွဲ့မယ်ဆိုရင်တော့ဘယ် နာမည်သုံးမယ်ဆိုတာတော့ အခုတော့ ဆုံးဖြတ်ချက် မရသေးဘူးပေ့ါ။"

လောလောဆယ်မှာတော့ SSA မြောက်ပိုင်းတပ်ဖွဲ့ဟာလက်နက်ကိုင်အင်အား ၃,၀၀၀ လောက်နဲ့ SSA တောင်ပိုင်းတပ်ဖွဲ့ဘက်က လက်နက်ကိုင်အင်အား ၇,၀၀၀ လောက် ရှိမယ်လို့ စစ်ရေးလေ့လာသူတွေက ခန့်မှန်းကြပါတယ်။ တဆက်တည်းမှာပဲ ဒီတပ်ဖွဲ့ ၂ ခုပူးပေါင်းမယ်ဆိုရင် မြန်မာအစိုးရအတွက် စစ်ရေးအရ အခက်အခဲပိုရှိလာနိုင်မယ်လို့ သုံးသပ်ကြပါတယ်။

---

**စာမျက်နှာ ၆ မှ**

သူလူထုတွေပါ ပါလာအောင်ဘယ်လို လုပ်မယ်ဆိုတဲ့ စဉ်းစားမှုအမြဲရှိသင့်ပါတယ်။

အခုလိုဗိုလ်ချုပ်ဦးသိန်းစိန်ရဲ့အရပ်ဝတ်စစ်အစိုးရကို ကြိုတင်အသိပေးထားသလိုဖြစ်နေတော့ သူ့ဘက်ကပြင်ဆင်နေမယ်ဆိုတာ သံသယရှိစရာမလိုပါဘူး။ သူ့အကွက်ထဲဝင်လာပြီလို့ တွက်နေကောင်းလည်း တွက်နေပါလိမ့်မယ်။ ဒါဖြင့် ကိုယ့်ဘက်ကရော။ အရပ်ဝတ်စစ်အစိုးရဘက်က အရင်ဒီပဲယင်းတုန်းကလို ခြေကျံလက်ကျံဖြစ်လာရင် ကိုယ့်အကွက်ထဲကို ဝင်လာတာပဲလို့ ဖြစ်အောင်မပြင်ဆင်နိုင်ဘူးလား။ ဗိုလ်ချုပ်ဦးသိန်းစိန်တို့ကို မဟုတ်တယုတ်မလုပ်ဝံ့အောင် ကိုယ်က ကြိုတင်အကြပ်ကိုင်နိုင်တဲ့ နည်းတွေမရှိဘူးလား။

ဗမာပြည်နိုင်ငံရေးရဲ့ ထူးခြားချက်ကိုမေ့လို့မဖြစ်ပါဘူး။ ဗမာပြည်မှာက အုပ်စိုးသူနဲ့အတိုက်အခံတို့ဟာ တန်းတူအားပြိုင်နေကြတာမဟုတ်ပါဘူး။ အဘက်ဘက်မှာမတရားချုပ်ခြယ်ခံနေရတဲ့ အတိုက်အခံတွေအနေနဲ့ စစ်ရေးမှာလိုပဲလှုပ်ရှားမှုတခုကို ကိုယ်ပိုင်တဲ့ ခွင်ထဲမှာ အကောင်အထည်ဖော်တာ၊ အသေအချာပြင်ဆင်တာ၊ အလျင်အမြန်လှုပ်ရှားတာ စတာတွေလုပ်ရမယ်လို့ထင်ပါတယ်။



**မေ ၂၀ ၊ UN News Center ။ ။** မြန်မာဒီမိုကရေစီသို့ ကူးပြောင်းရေးကို တိုင်းရင်းသားနှင့် လူနည်းစုများအား ဖြတ်လေးဖြတ်နည်းနှင့် တိုက်ခိုက်၊ နှိမ်နင်း ဖိနှိပ်ဖြတ်တောက်တော်ပြတ်စေခြင်းများသည် နှောင့်နှေးစေနေ၏။

**မေ ၂၀ ၊ PTI, Mizzima ။ ။** ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုချက်ဆန္ဒဖြစ်သော မြန်မာတွင် ကုလသမဂ္ဂထာဝရကိုယ်စားလှယ်ထားရှိရန်အချက်ကို ကုလသမဂ္ဂတွင် မြန်မာမှပြန်လာသော ကုလအထူးသံ Vijay Nambiar သည် ထဲ့သွင်းတင်ပြခဲ့ကြောင်း။

**မေ ၂၀ ၊ AP ။ ။** မြန်မာသည် လူ့အခွင့်အရေးတိုးတက်မှုအတွက် မလုပ်သလောက်ဖြစ်ကြောင်း။

**မေ ၂၀ ၊ BBC ။ ။** အင်းစိန်ထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသား ၂၂ ဦးသည် အစာငတ်ခံဆန္ဒပြနေ၏။

**မေ ၂၀ ၊ Mizzima ။ ။** ပြည်တွင်းပြည်ပ သတင်းထောက်များတက်ခွင့်မရဟူသည့်သတင်းသည် လွဲမှားပြီး ပြည်ပသတင်းများအား ပိတ်ခဲ့ခြင်းဖြစ်ကြောင်း။

**မေ ၂၀ ၊ AP ။ ။** အစိုးရအရာရှိများ၊ ဒေါ်အောင်ဆန်းစုကြည်၊ တိုင်းရင်းသားအဖွဲ့များနှင့် အသီးသီးဆွေးနွေးခဲ့သော အမေရိကန်အဆင့်မြင့် အထူးသံ Joseph Yun သည် မြန်မာလူ့အခွင့်အရေးပြဿနာအပေါ် ပူပန်မှုမကင်းဘဲ ယနေ့ မြန်မာမှ ပြန်လည်ထွက်ခွာသွား၏။

**မေ ၂၀ ၊ RGN-AFP ။ ။** အမေရိကန်အဆင့်မြင့် အထူးသံ Joseph Yun သည် မြန်မာနှင့် မြောက်ကိုးရီးယားဆက်ဆံရေးအပေါ် စိတ်ပူကြောင်းနှင့် ့ ကုလလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များကို စောင့်စည်းရန် သတိချပ်ခဲ့၏။

**မေ ၂၂ ၊ Straits Times ။ ။** မြန်မာနှင့်ပြန်လည်ဆက်ဆံရန် ကြိုတင်ကန့်သတ်ချက်များလက်မခံနိုင်ဟု စစ်တပ်ကြိုးကိုင်သည့် မြန်မာအစိုးရမှ အမေရိကန်သို့ ယနေ့ ပြော၏။ အဓိကသည် ဖိုင်ရှင်ခေါ် ပိတ်ဆို့ မှုများဖြစ်ကြောင်း။

**မေ ၂၂ ၊ Monsters and Critics ။ ။** နှစ်ဖက်ဆက်ဆံရေးတိုးတက်စေလိုလျှင် မြန်မာနိုင်ငံအား အင်္ဂလိပ်လို ဘားမားဟုခေါ်ဆိုခြင်းရပ်စဲ၍ မြန်မာဟုပြောင်းခေါ်ရန် မြန်မာနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်မှ မြန်မာရောက် အမေရိကန် ဒုလက်ထောက်နိုင်ငံခြားရေးတာဝန်ခံ Joseph Yun သို့ဆိုကြောင်း မြန်မာသတင်းစာများဆို၏။

**မေ ၂၃ ၊ Irrawaddy ။ ။** တိုင်းနှင့်ပြည်နယ် ၁၄ ခုမှ ဝန်ကြီးများအား အာဏာအချို့တိုးပေးရန် ဝန်ကြီးချုပ်သိန်းစိန်၏အကြံကို မေ ၂၂ ပြည်နယ်အထူးစီမံကိန်းအစည်းအဝေးတွင် ဗိုလ်ချုပ်ဟောင်းသန်းရွှေမှ ကြိုးကိုင်၍ စွန့်လွှတ်ခဲ့ရကြောင်း စစ်နှင့် ထိပ်သီးအသိုင်းအဝိုင်းမှ ဆို၏။

**မေ ၂၃ ၊ Irrawaddy ။ ။** အဲန်အဲလ်ဒီလူငယ်များဦးစီးသည့် မြောက်ဒဂုံရှိ အင်္ဂလိပ်စာကျောင်းသည် အမွေအိမ်၏ အဆောက်ဦးပိုင်ရှင်အား ဖိအားပေးမှုကြောင့် ပိတ်လိုက်ရကြောင်း။

**မေ ၂၃ ၊ Mizzima ။ ။** အာဆီယံနှင့်အိန္ဒိယတို့သည် မြန်မာဒီမိုကရေစီရေးတွင် ထောက်ခံမှု သိပ်မမျော်လင့်လောက်သဖြင့် မြန်မာဒီမိုကရေစီအင်အားစုသည် မိမိကိုယ်သာ အားကိုးရမည်ဟု ဒေါ်အောင်ဆန်းစုကြည်သည် ဂျမနီရုပ်သံကြားသို့ အဝေးမှ စကားဝိုင်းဆွေးနွေးပွဲတွင် ဆို၏။

**မေ ၂၃ ၊ Mizzima ။ ။** ဆင်းရဲနွမ်းပါးမှုပပျောက်ရေး နေပြည်တော်တွင် ဆွေးနွေးပွဲကို ပန်းသတင်း Weekly Eleven, Modern Times စသည့် သတင်းထောက် ၁၂ ဦး ဆွေးနွေးခွင့်လည်းရ၍ တက်ခဲ့၏။

**မေ ၂၃ ၊ DVB ။ ။** မြန်မာစီးပွားရေး ဦးပိုင်လုပ်ငန်း UMEH နှင့် ထူးကုမ္ပဏီတို့၏ တရားစွဲမှုတွင် မကွေးတိုင်းကံမမြို့နယ် စစ်စရန်ရာမှ လယ်သမားငါးဦးသည် ထောင်ဒဏ်ရှည် ပြစ်ဒဏ်ပေးခြင်းခံခဲ့ရကြောင်း နှင့် အယူခံမည်ဖြစ်ကြောင်း ရှေ့နေဦးကျော်ဌေးမှဆို၏။

**မေ ၂၃ ၊ IRIN ။ ။** ရွေးကောက်ပွဲအလွန် ဖ လရှိပြီဖြစ်သော်လည်း လူ့အခွင့်အရေးဖေါက်ဖျက်မှုများ မလျော့နည်းသွားကြောင်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ Amnesty International ၏ မြန်မာအရေးသုတေသီ Benjamin Zawacki မှဆို၏။

**မေ ၂၄ ၊ AP ။ ။** မြန်မာ၊ အီရန်နှင့် မြောက်ကိုးရီးယားတို့မှ တရုပ်သို့ လတ်တလော ခရီးစဉ်များသည် တရုပ်၏ လူ့အခွင့်အရေးဖေါက်ဖျက်သည့် အစိုးရများနှင့် လက်ပွန်းတတီးဆက်ဆံမှုကို သက်သေခံနေကြောင်း Christopher Bodeen မှ သတင်းဝေဖန်၏။

**မေ ၂၄ ၊ AFP ။ ။** မြန်မာပြည်တွင်းစစ်များတွင် အမျိုးသမီးများအဓမ္မပြုကျင့်ခံရမှုများ လျော့နည်းစေရန် ဖိုင်းဝန်းကူညီကြိုးပမ်းရန် ဒေါ်အောင်ဆန်းစုကြည်မှ ကနေဒါတွင်ဆုံသော ဘဝတူ နိုဘဲလ်ဆုရှင်များမှတဆင့် ကမ္ဘာသို့ မေတ္တာရပ်ခံ၏။

**မေ ၂၄ ၊ Asian Correspondent ။ ။** မြေသိမ်းခြင်း၊ အဓမ္မလုပ်အားခိုင်းစေခြင်း၊ ပြည်တွင်းနေအိမ်မှနှင်ကာ အိုးအိမ်မဲ့စေခြင်း၊ ဥပဒေပြင်ပသတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားကြမ်းတမ်းမှု၊ များပြုလုပ်နေသေးသည့် မြန်မာအစိုးရအား ထိုလူ့အခွင့်အရေးဖေါက်ဖျက်မှုများအတွက် အထူးစုံစမ်းစစ်ဆေးသင့်ကြောင်း မြန်မာသို့ ဝင်ခွင့်မရ၍ ထိုင်းမှ တပတ်ကြာလေ့လာခဲ့သူ ကုလလူ့အခွင့်အရေးမှတ်တမ်းတင် ပညာရှင် Tomas Ojea Quintana မှ ဆို၏။

**မေ ၂၄ ၊ USCB ။ ။** နိုင်ငံရေးအကျဉ်းကျအမျိုးသမီးများမှစသည် အစာငတ်ခံဆန္ဒပြပွဲသို့ နိုင်ငံရေးအကျဉ်းသားနောက်ထပ် ၂၃ ဦးသည် ပါဝင်ဆင်နွှဲနေရာ အမေရိကန်တွင်လည်း မိမိကိုယ်မိမိ အဖမ်းခံရသည့်အသွင်လှုပ်ရှားမှုများဖြင့် နိုင်ငံရေးအကျဉ်းသားအရေးမြှင့်တင်မှုတွင်ပါဝင်ရန် မြန်မာအရေးလှုပ်ရှားမှု အမေရိကန်မှ တိုက်တွန်း၏။

**မေ ၂၅ ၊ AI ။ ။** Amnesty International အနှစ် ၅၀ မြောက်နေ့အတွက် နှုတ်ခွန်းဆက်စကားကို ဒေါ်အောင်ဆန်းစုကြည်မှ အသံသွင်းပို့ခဲ့ကြောင်း။

**မေ ၂၅ ၊ National Editorial ။ ။** မြန်မာသည် အာဆီယံ၏လည်ပင်းတွင် ကျောက်တိန်းကြီးချိတ်ဆွဲထားသည်နှင့်တူကြောင်း အယ်ဒီတာ့အာဘော်မှဝေဖန်၏။ ယမန်နှစ်ရွေးကောက်ပွဲအတု နောက် လူယုတ်မာအုပ်ချုပ်နိုင်ငံတွင် ပြောလောက်အောင်တိုးတက်းတက်မှုမရှိကြောင်း ။

**စာမျက်နှာ ၁၃ သို့**

# အစာငတ်ခံ ဆန္ဒပြ နိုင်ငံရေးအကျဉ်းသားအခြေအနေ အနီးကပ်စောင့်ကြည့်

**VOA၊ မေ ၂၅။** ။ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ မေလ ၂၂ ရက်နေ့ကစလို့ အကျဉ်းသားရပိုင်ခွင့် တောင်းဆိုချက် ၆ ချက်ကိုတောင်းပြီး အစာငတ်ခံ ဆန္ဒပြနေကြတဲ့ နိုင်ငံရေး အကျဉ်းသားတွေနဲ့ ပတ်သက်ပြီး မြန်မာအစိုးရက ဘယ်လိုတုံ့ပြန်မလဲဆိုတာကို အနီးကပ် သေချာစောင့်ကြည့်သွားမယ်ဆိုပြီး လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ Human Rights Watch က ဒီနေ့ပြောဆိုလိုက်ပါတယ်။ အခုအစာငတ်ခံဆန္ဒပြနေကြတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲက ၇ ယောက်ကို လည်းအင်းစိန်ထောင်မှာရှိတဲ့ စစ်ခွေးတိုက်ကို မနေ့ကစပြီးပို့ဆောင်ခဲ့တယ်လို့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့် ရှောက်ရေးအသင်း AAPPB ကအတည်ပြုပြောဆိုခဲ့သလို ကျန်တဲ့နိုင်ငံရေးအကျဉ်းသားတွေကိုလည်းထောင်ပြောင်းရွှေ့ဖို့ရှိတယ်လို့သိရပါတယ်။ အပြည့်အစုံကို ဘန်ကောက်ရုံးကနေ စုံစမ်းထားတဲ့ ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာအစိုးရသစ် အဖွဲ့ရဲ့ အကျဉ်းသားများ လွတ်ငြိမ်းချမ်းသာခွင့်ထုတ်ပြန်ခဲ့တဲ့ နောက်ပိုင်း အင်းစိန် အကျဉ်းထောင်ထဲမှာအကျဉ်းသားရပိုင်ခွင့်တောင်းဆိုမှုတွေ ဖြစ်ပွားခဲ့တာပါ။ ဒါပေမဲ့ ထောင်အာဏာပိုင်တွေက တုံ့ပြန်မှုမရှိတဲ့အတွက် အစာငတ်ခံဆန္ဒပြနေတဲ့ အကျဉ်းသား ၂၇ ဦးလောက်ရှိနေပြီဆိုတဲ့ သတင်းတွေရနေသလို ဒီလိုဆန္ဒပြသူတွေကို စစ်ခွေးတိုက်ထဲ ပို့တာလို အပြစ်ဒဏ်ပေးတာတွေ ရှိလာတာမို့ Human Rights Watch လူ့အခွင့်အရေးစောင့်ကြည့် အဖွဲ့ကြီးက စိုးရိမ်စိတ်ပူမှုနဲ့အတူ အနီးကပ် စောင့်ကြည့်နေတယ်လို့ Human Rights Watch အဖွဲ့ရဲ့ အာရှဒေသဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူး ဖိလစ်ရောဘတ်စန်က ပြောပါတယ်။

"အခုအစာငတ်ခံ ဆန္ဒပြနေတဲ့ အကျဉ်းသားတွေနဲ့ပတ်သက်ပြီး မြန်မာအစိုးရအဖွဲ့ရဲ့ တုံ့ပြန်လုပ်ဆောင်မှုတွေကို ကျနော်တို့သေသေချာချာစောင့်ကြည့်နေပါတယ်။ အခုရထားတဲ့ သတင်းတွေအရ ၂၇ ဦးအစာငတ်ခံ ဆန္ဒပြနေတာမို့ သူတို့အတွက် သိပ်ကို စိတ်ပူပါတယ်။ အခုဆိုရင် သီးခြားခွဲထားတဲ့နေရာမှာ တိုက်ပိတ်ခံနေရတာနဲ့နယ်ဝေး အကျဉ်းထောင် ပို့တာလို ပြစ်ဒဏ်ပေးခံရတာတွေ ရှိနေပါတယ်။

"အရင်မြန်မာစစ်အစိုးရအနေနဲ့ ICRC အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့က တောင်းဆိုခဲ့တဲ့ အကျဉ်းသားရပိုင်ခွင့်တွေကို မထီမဲ့မြင်ဂရုမစိုက်လုပ်ခဲ့တဲ့အတွက် အခု ဒီလိုအပ်ချက်တွေကိုအကျဉ်းသားတွေက ထပ်ပြီး တောင်းနေရတာပါ။ ဒီတောင်းဆိုတဲ့ အကျဉ်းသားတွေကို အခုလို ပြစ်ဒဏ်ပေးတာကို ကြည့်ရင် အစိုးရသစ်အဖွဲ့ဟာ အရင်စစ်အစိုးရပုံစံအတိုင်း လုပ်နေတာမို့ မကြာခင်ကမှ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် တောင်းဆိုထားတဲ့အတိုင်း မြန်မာနိုင်ငံထဲက လူ့အခွင့်အရေး အခြေအနေတွေအတွက် နိုင်ငံတကာ စုံစမ်းရေးကော်မရှင်တရပ်ဖွဲ့ပြီး စုံစမ်းဖို့ အရေးတကြီး လုပ်သင့်ပြီ။" လို့ ပြောသွားတာဖြစ်ပါတယ်။

ထိုင်းအခြေစိုက် AAPPB နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအဖွဲ့-မြန်မာနိုင်ငံကလည်း ဒီအကျဉ်းသားတွေနဲ့ပတ်သက်ပြီး စိုးရိမ်ရကြောင်း ကြေညာချက်ထုတ်ပြန်ပါတယ်။ AAPPB အဖွဲ့တာဝန်ခံတဦးဖြစ်တဲ့ ကိုဘိုကြည်ကို အစာငတ်ခံဆန္ဒပြသူတွေနဲ့ ပတ်သက်တဲ့ နောက်ဆုံးအခြေအနေကို သိရအောင် မေးကြည့်ပါတယ်။

"အခု ကျနော်တို့ သိရသလောက်က အစာငတ်ခံ ဆန္ဒပြနေတဲ့အထဲက ၇ ယောက်ကို စစ်ခွေးတိုက်ကို ပို့လိုက်တယ်လို့သိရတယ်။ စစ်ခွေးတိုက်ဆိုတာက ပုံမှန်အားဖြင့် ပြစ်ဒဏ်ဆိုပြီး သူတို့ လုပ်လေ့ရှိတယ်။ အဲဒါဆိုရင် ပုံစံမောင်းတာတို့၊ ရိုက်တာနှက်တာတို့ ရှိလာနိုင်တယ်။ အဲဒီတော့ ဒီလူတွေရဲ့ ကျန်းမာရေးရောအသက်အန္တရာယ်ရော ကျနော်တို့ အတော်လေး စိုးရိမ်ပါတယ်။

"အခု ဆန္ဒပြမှုတွေ ဖြစ်ပွားပြီး နောက်ပိုင်းမှာဆိုရင် နယ်ဝေးအကျဉ်းထောင်တွေကိုလည်း ပြောင်းလေ့ရှိတယ်။ အဲဒီအတွက်မိသားစုတွေ အနေနဲ့ကလည်း အခုဆိုရင် သူတို့သားသမီးတွေ ဘယ်ထောင်ကို ပြောင်းမလဲ၊ အင်းစိန်ထောင်မှာပဲ ရှိသေးသလားဆိုတဲ့ စိုးရိမ်စိတ်တွေ ရှိနေပါတယ်။"

AAPPB ရဲ့ သဘောထားကို သိပါရစေ၊ ဒီအကျဉ်းသားတွေနဲ့ပတ်သက်ပြီးတော့။

"တကယ်တမ်းဆိုရင်တော့ အခု တောင်းဆိုတယ်ဆိုတဲ့ အချက်တွေက အကျဉ်းသားတွေရဲ့ အခြေခံလိုအပ်ချက်တွေပဲ ဖြစ်ပါတယ်။ ဒီလိုမျိုး တောင်းဆိုရုံနဲ့တော့ အကျဉ်းသားတွေကို ရိုက်တာ၊ မတရားသဖြင့် နိပ်စက်ညှဉ်းပမ်းတာတွေ၊ နယ်ဝေးထောင်တွေ ပို့တာတွေတော့ မလုပ်သင့်ဘူး။ နောက် သူတို့ တောင်းဆိုနေတဲ့ အခြေခံတောင်းဆိုချက်တွေကို လိုက်လျောသင့်တယ်။

"အဲဒါက ဘာကိုပြသလဲဆိုတော့ လက်ရှိ ရှိနေတဲ့ ဦးသိန်းစိန် အစိုးရက ပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းတဲ့အခါမှာညင်ညင်သာသာနဲ့ ကိုင်တွယ်ဖြေရှင်းတယ်ဆိုတာ ပြသရာရောက်မယ်။ အဲဒီလိုမှ မဟုတ်ရင်တော့ အရင် နအဖအစိုးရနဲ့ အတူတူပဲ၊ပြဿနာတွေကိုညင်ညင်သာသာနဲ့ ကိုင်တွယ်ဖြေရှင်းတာမျိုး မလုပ်ချင်ဘူး၊ တခုခုဖြစ်တိုင်း အကြမ်းဖက်တဲ့ပုံစံမျိုးနဲ့ဖြေရှင်းမယ် ဆိုရင် တိုင်းပြည်အနာဂတ်အတွက်လည်း ကောင်းတဲ့ အနာဂတ်မဟုတ်ဘူး။ ဦးသိန်းစိန်အစိုးရက ဒီမိုကရေစီ အသွင်ကူးပြောင်းရေးသွားနေပါတယ်လို့ ကျနော်တို့အတွက် ယုံကြည်ဖို့ အရမ်းခက်သွားလိမ့်မယ်။"

အကျဉ်းသားတွေ အခုတောင်းနေတဲ့ တောင်းဆိုမှုတွေဟာအာဏာပိုင်တွေဘက်က မလိုက်လျောရလောက်အောင်ခက်ခဲနေပါလား။

"ဒီတောင်းဆိုချက်တွေက ဘာမှ ခက်ခက်ခဲခဲမဟုတ်ပါဘူး။ တကယ်တမ်းဆို တောင်းဆိုစရာ မလိုဘဲကို ဒါတွေက ပြည့်စုံအောင် လုပ်ပေးရမှာဖြစ်တယ်။ ဒါက အကျဉ်းထောင် အာဏာပိုင်တွေဘက်ကပျက်ကွက်လို့၊ ဒါမှမဟုတ် လာဘ်ပေးလာဘ်ယူတွေ ဖြစ်နေလို့ ဒီလိုမျိုးဆန္ဒပြတယ်ဆိုတဲ့ အဆင့်အထိရောက်လာရတာပါ။ တကယ်တမ်းဆို ဒီအဆင့်ထိ ရောက်လာစရာအကြောင်း မရှိဘူး။"

ကိုဘိုကြည်ပြောပြသွားတာ ဖြစ်ပါတယ်။ အခုလို အစာငတ်ခံ ဆန္ဒပြနေသူတွေနဲ့တကွ အကျဉ်းသားရပိုင်ခွင့် တောင်းဆိုနေသူတွေနဲ့ ပတ်သက်ပြီးနိုင်ငံတကာကအာရုံစိုက်ပြီးစောင့်ကြည့်ဖို့လိုအပ်ကြောင်း အမေရိကန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားတဲ့ US Campaign အဖွဲ့ကလည်း ကြေညာချက်ထုတ်ပြန် ပြောဆိုထားပါတယ်။



စရှု၃ဝိစရှုး

# သတင်းတိုထွာဖတ်စရာ

## သတင်းစာလွတ်လပ်ခွင့် ဆိုရင်

အင်္ဂလိပ်ဘာသာနဲ့ ထိုင်းနိုင်ငံထုတ် Bangkok Post သတင်းစာနဲ့ The Nation သတင်းစာများကို မြန်မာပြည်တွင်းမှာ ဖြန့်ဝေခွင့်ပြုလိုက်ပါပြီ။ The Straits Times သတင်းစာနဲ့ Business Times of Songapore စာစောင်များကိုဖြန့်ဝေခွင့်ပြုခဲ့တာ နှစ်အတန်ကြာခဲ့ပြီဖြစ်ပေမယ့် BangkokPost နဲ့ The Nation သတင်းစာများကိုတော့ အခုမှခွင့်တာဖြစ်ပါတယ်။ ဗမာနိုင်ငံသားတွေ ကမ္ဘာ့သတင်းစုံဖတ်ရှုကြရတော့မို့ ဒီလိုခွင့်ပြုလိုက်တာကို Voice of Burma မှ အထူးကြိုဆိုပါတယ်။ VOB စာစောင်ကိုလည်း ပြည်တွင်းမှာ တရားဝင်ဖြန့်ဝေခွင့်ရရေး ပါမစ်တင်ဖို့စဉ်းစားနေကြောင်း။ (VOB -26 May, 2011)

## McCain ရန်ကုန်သွားမည်

ဆီးနိတ်လွှတ်တော်အမတ် Mr.John McCain မြန်မာနိုင်ငံလာဖို့ ဦးသိန်းစိန်အစိုးရက ပြည်ဝင်ခွင့် ဗီဇာပေးလိုက်ပါပြီ။ နအဖစစ်အုပ်စုရဲ့လူ့အခွင့်အရေးချိုးဖောက်နေတာကို ဖော်ထုတ်ပြောဆိုနေတဲ့ Mr.Quintana ကိုတော့ ပြည်ဝင်ခွင့်ဗီဇာပိတ်ထားပြီး နိုင်ငံရေးအကျိုးအမြတ်အတွက် အခုလို Mr.John McCain ကို ဗီဇာထုတ်ပေးလိုက်တဲ့အပေါ်မှာ ဦးသိန်းစိန်ရဲ့ နိုင်ငံရေးကျားကွက်ကို ခန့်မှန်းလို့ရပါတယ်။ ရှေ့လ ပထမပတ်မှာ Mr.John McCain ရန်ကုန်ကို သွားမယ်လို့သိရပါတယ်။ (Monsters and Critics -26 May, 2011)

## အာဏာလိုချင်လို့ မဟုတ်ပါ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုပေးရန် တချိန်လုံးတောင်းဆိုနေတာပါ။ ဒီလိုတောင်းဆိုရတာဟာ အဖွဲ့ချုပ်မှ အာဏာလွှဲပေးဖို့ပြောနေတာမဟုတ်ပဲ ပြည်သူလူထုရဲ့ဆန္ဒကို လေးစားရန်ပြောခြင်းသာဖြစ်ပြီး အာဏာလိုချင်မဟုတ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ ၂၁ နှစ်မြောက် ၉၀ အောင်ပွဲအထိမ်းအမှတ်အခန်းအနားတွင် ပြောဆိုလိုက်တာဖြစ်ပါသည်။ (VOB -27 May, 2011)

## အရှင်လတ်လတ် ပျောက်ဆုံး

ဗိုလ်ချုပ်မောင်အေးပျောက်ဆုံးနေတဲ့ကိစ္စ မီဒီယာတွေကြားမှာ ပျံ့နှံ့နေပါတယ်။ အခုလို အရှင်လတ်လတ်ပျောက်ဆုံးနေတာကို စိတ်ဝင်စားသူတွေကခြေရာကောက်နေကြတာ အခုထိ ခြေရာခံလို့မရသေးဟုဆိုပါတယ်။ရာထူးကအနားယူချိန်မှာ ဗိုလ်ချုပ်မောင်အေးနဲ့ ဗိုလ်ချုပ်သန်းရွှေတို့ရဲ့ သစ္စာခံတင်ပွဲတွေအကြား အပြန်အလှန်ပစ်ခတ်မှုတွေလည်း ရှိခဲ့တယ်လို့သတင်းက ဆိုပါတယ်။ ဒီသတင်းတွေကို ဘယ်လောက်အထိကြာကြာထိန်းထားနိုင်မလဲဆိုတာ စောင့်ကြည့်ကြရမှာဖြစ်ပါတယ်။ (VOB -27 May, 2011)

## တက္ကသိုလ်ရာပြည့်သို့ ဒေါ်စု မိန့်ခွန်းပြောမည်

ဟောင်ကောင်ရှိ အာရှ တက္ကသိုလ်မှာ မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောဆိုဖို့ရှိပါတယ်။ တက္ကသိုလ်ရာပြည့်အထိမ်းအမှတ်ပွဲမှာ မိန့်ခွန်း ပြောဆိုပေးဖို့ မနှစ် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာကတည်းက ဟောင်ကောင်တက္ကသိုလ်မှ ကမ်းလှမ်းထားတာဖြစ်ပါတယ်။ လာမယ့် မေလ ၃၀ ရက်နေ့မှာ တက္ကသိုလ်ကျောင်းသားများနဲ့ တိုက်ရိုက်ဗွီဒီယိုမိန့်ခွန်းဆက်သွယ်ပြောဆိုမယ်လို့သိရပါတယ်။ (DPA -24 May, 2011)

## ကိုယ်စားလှယ်နှစ်ဦးလုံး စိတ်ပျက်

မြန်မာနိုင်ငံမှာ လယ်ယာမြေသိမ်းဆည်းမှုတွေ၊ အဓမ္မအလုပ်ခိုင်းစေမှု၊ အဓမ္မနေအိမ်ပြောင်းရွှေ့မှု၊ ဥပဒေမဲ့သတ်ဖြတ်မှု၊ အဓမ္မမုဒိမ်းကျင့်မှုတွေ နိုင်ငံတဝှမ်းမှာ ကျူးလွန်နေဆဲဟု လူ့အခွင့်အရေးအထူးသံ Mr.Quintana က ပြောဆိုပါတယ်။ ယခင် အပတ်ကမှ မြန်မာနိုင်ငံမှပြန်လာတဲ့ ကုလသမဂ္ဂအထူးသံ Mr.Nambiar လုံခြုံရေးကောင်စီကို စိတ်ပျက်လက်ပျက်နဲ့ အစီရင်ခံစာတင်စဉ် Mr.Quintana က အခုလိုပြောဆိုတာဖြစ်ပါတယ်။ (ICP-24 May, 2011)

## ဒီလောက်နဲ့မလုံလောက်

သမတသစ် ဦးသိန်းစိန်ရဲ့ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့အမိန့်နဲ့ အကျဉ်းသားအမြောက်အများလွှတ်ပေးလိုက်တဲ့အထဲမှာ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်ရှိတဲ့အနက် ၆၅ သာပါဝင်ပါတယ်။ နိုင်ငံရေးအကျဉ်းသားများအားလုံးပေးလိမ့်မယ်လို့ အများမျှော်လင့်ထားသလို ဖြစ်မလာပါဘူး၊ မြန်မာနိုင်ငံဆိုင်ရာအထူးသံကိုယ်စားလှယ် ဘီဂျေနံဘီးယားကတော့ ဒီလုပ်ရပ်ဟာ ဒီမိုကရေစီအကူးအပြောင်းအတွက် လုံလောက်တဲ့ အကြောင်းပြချက်မဟုတ်ပဲ ပြောဆိုလိုက်ပါတယ်။ (IRIN -24 May, 2011)

## လယ်သမားဘဝ တိုးတက်စေချင်ရင်

နိုင်ငံတွင်း အများစုဖြစ်တဲ့ တောင်သူလယ်သမားများဘဝ သာယာရေးကြိုးပမ်းလုပ်ဆောင်မယ်လို့ သမတဦးသိန်းစိန်က ဆိုပါတယ်။ ဝမ်းသာစရာပါ။ ဒါပေမယ့် နယ်တွေမှာ လယ်ယာမြေတွေကို လောဘတက်နေကြတဲ့ ကုမ္ပဏီကြီးတွေက အဓမ္မသိမ်းဆည်းနေတယ်ဆိုတဲ့ သတင်းတွေလည်း မကြာခဏကြားနေရတော့ သမတဦးသိန်းစိန်အနေနဲ့လယ်သမားတွေဘဝကို အမှန်တကယ်တိုးတက်စေချင်ရင် ဒီလို မတရားသိမ်းယူမှုတွေကို အရင်တားဆီးပေးဖို့လိုပါလိမ့်မယ်။ (VOB -21 May, 2011)

## ဒေါ်အောင်ဆန်းစုကြည် ခရီးထွက်မည်

သမတဦးသိန်းစိန်က ဥပဒေစိုးမိုးရေးကို အဓိကထားလုပ်ဆောင်မယ်လို့ ပြောဆိုတဲ့အပေါ် ဘယ်လောက်အထိ ဥပဒေစိုးမိုးမှုရှိမလဲဆိုတာ စမ်းသပ်တဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ အထက်ဗမာပြည်ကို ခရီးထွက်မယ်လို့ဆိုပါတယ်။ ကောက်ကျစ်စဉ်းလဲတဲ့ စစ်အုပ်စုရဲ့အကျင့်ဆိုးကြောင့် လေးစားချစ်ခင်ကြတဲ့ ပြည်သူများကတော့ ဒေါ်အောင်ဆန်းစုကြည်ရဲ့လုံခြုံရေးကို အထူးစိုးရိမ်နေကြပါတယ်။ (VOB -28 May, 2011)

# ဝန်ကြီးဦးကျော်ဆန်း၏ ဝန်ကြီးဌာနများ အပြောင်းအလဲမမြင်သေး

**DVB၊ ၆မေ ၂၅။** ။ အစိုးရသစ်ကိုယ်တိုင်နဲ့ ဝန်ကြီးဌာနအသီးသီးကပြုပြင်ပြောင်းလဲရေး လုပ်ကိုင်နိုင်ဖို့ဆိုပြီး တတ်သိပညာရှင်တွေကို ဖိတ်ခေါ်ကာအလုပ်ရုံဆွေးနွေးပွဲတွေ စာတမ်းဖတ်ပွဲတွေ ပြုလုပ်နေကြတဲ့အချိန်မှာ တိုင်းပြည်ရဲ့စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းတွေကို ချုပ်ကိုင်ထားတဲ့ ဗိုလ်မှူးချုပ်ဟောင်း ဦးကျော် ဆန်းရဲ့ပြန်ကြားရေးဝန်ကြီးဌာနကတော့ ဒီလိုတွေဆောင်ရွက်တာမျိုး မရှိသေးတဲ့အပေါ် ဝေဖန်နေကြပါတယ်။

နအဖစစ်အစိုးရ လက်ထက်ကတည်းက ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝန်ကြီးအဖြစ် တာဝန်ယူခဲ့တဲ့ ဗိုလ်မှူးချုပ်ဟောင်းဦးကျော်ဆန်းက အစိုးရအဖွဲ့သစ်မှာလည်း ဒီဝန်ကြီးဌာနအပြင် ယဉ်ကျေးမှုဝန်ကြီးဌာနကိုပါ ပူးတွဲပြီး ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်နေတာလည်းဖြစ်ပါတယ်။ သမ္မတဦးသိန်းစိန်ကိုယ်တိုင်ဦးဆောင်ပြီး ဆင်းရဲမွဲတေမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲ အပါအဝင်အခြားဝန်ကြီးဌာနတွေရဲ့ဝန်ကြီးတွေ ပညာရှင်တွေကိုဖိတ်ခေါ်ပြီး ပြုပြင်ပြောင်းလဲရေးအတွက်ဆိုပြီး ဆွေးနွေးပွဲတွေ ဆက်တိုက်လိုလို ပြုလုပ်နေကြတဲ့အချိန်မှာ ဒီဝန်ကြီးဌာနတွေမှာ မပြုလုပ်သေးတဲ့အပေါ် ဝေဖန်လိုက်ကြတာလည်းဖြစ်ပါတယ်။ အဲဒီလိုဝေဖန်ကြတဲ့ထဲက ရုပ်ရှင်ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) က ခုလိုပြောကြားပါတယ်။

"လောလောဆယ် မစလို့တော့ မရဘူးဒါကြီးကလေ။အကုန်လုံး ပြောင်းပြီးတော့ ဒီဟာကြီးမပြောင်းဘဲ ကျန်နေလို့တော့ မရဘူးခင်ဗျ။ အဲဒီလို ဆွေးနွေးပွဲတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ ဘယ်တော့များ လုပ်ပေးမလဲဆိုတဲ့ မျှော်လင့်ချက်ကတော့ အမြဲတမ်းရှိတာပေါ့။ အဲဒီလိုများ လုပ်လို့ရှိရင် ပြောစရာတွေ အများကြီးပဲ။ ကျနော်တို့က တိုက်ခိုက်ခြင်းမဟုတ်ဘူး ကောင်းစေချင်တဲ့ ဆန္ဒဆိုတာပေါ့နော်။ ဒါပေမယ့် အခုလောလောဆယ်အထိတော့ ဘာမှမထူးခြားသေးဘူး။ ဒီလို ပြောလိုက်တယ်၊ ဟုတ်ကဲ့ ဟုတ်ကဲ့ဆိုပြီး ပြီးသွားတော့ နောက်ကျတော့အရင်လိုပဲ ပြန်ဖြစ်သွားတယ်ဆိုရင်တော့ မဖြစ်ဘူး။ အဲဒါတွေကိုလည်း အခုနောက်ပိုင်းကျရင် ခံကြမှာမဟုတ်တော့ဘူးလေ။ အခုက နိုင်ငံတော်သမ္မတကြီးဆီကို အကုန်လုံးတိုင်ဖို့တောဖို့ ဖြစ်လာကြလိမ့်မယ်။"

သတင်းဂျာနယ်အယ်ဒီတာတဦးကလည်း သတင်းစာလွတ်လပ်ခွင့်တွေကို အပြည့်အဝပေးဖို့ဆိုတာထက် ဝန်ကြီးဌာနအတွင်း ဖြစ်ပေါ်နေတဲ့အခြေအနေတွေကို သုံးသပ်နိုင်ဖို့နဲ့ အပြင်လောက ချိတ်ဆက်ပြီးဆွေးနွေးပွဲတွေလုပ်ပေးဖို့ တောင်းဆိုလိုက်ပါတယ်။

"တကယ်ကတော့ လက်တွေလုပ်နေတဲ့ လူတွေနဲ့ အဖြေရှာဖို့တော့ ကောင်းတာပေါ့။စာပေလွတ်လပ်ခွင့်ဘယ်လိုသွားမယ်ဆိုတာ အပေါ်ကနေချပေးတာထက်။ အခုလုပ်နေတဲ့ ဝန်ကြီးဌာနတွေအားလုံး အဖြေရှာနေတာက တကယ့် လက်တွေ့လုပ်နေတဲ့လူတွေနဲ့ပေါင်းပြီး အဖြေရှာနေတာပဲ။ ကျနော်တို့ပြန် ကြားရေးဝန်ကြီးဌာနက ဒါမျိုးအဖြေရှာဖို့ကောင်းတာပေါ့။ ကျနော်တို့တွေလည်းလုပ်သင့်တာပေါ့ဗျာ။ မလုပ်ရင်တော့ ကျနော်တို့ အများကြီးကျန်ခဲ့လိမ့်မယ်"။

အနုပညာလောသား၊သတင်းမီဒီယာလောကသားတွေအဲဒီလိုမျှော်လင့်နေကြသလိုပဲ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ဆက်နွယ်နေတဲ့ ပြင်ပက ပညာရှင်တွေလည်း ဒီလိုအပြောင်းအလဲတွေကိုလုပ်ဆောင်ဖို့ တိုက်တွန်းကြတာမျိုးတွေလည်းရှိနေပါတယ်။ အဲဒီထဲက ရှေးဟောင်းသုတေသနပညာရှင် တပ္ပဝတီဦးဝင်းမောင်က....

"ကျနော်တို့လည်းပြောကြားချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျနော် တို့ ရှေးဟောင်းသုတေသနဌာနမှာ လွန်ခဲ့တဲ့ နှစ် ၂၀လောက် ကစပြီးတော့ ပညာရပ်ပိုင်းဆိုင်ရာ လေ့လာမှုတွေမှာ အားနည်းသွားပါတယ်။ဒါ့အပြင်ဒါတွေကို လေ့လာတဲ့ပညာရှင်လည်း အားနည်းသွားတဲ့အခါကျတော့ရှေး ဟောင်း သုတေသနဌာနက စာတမ်းဖတ်မှုရော၊ တူးဖော်သုတေသန ပြုမှုရော၊ စာတမ်းထုတ်ဖော်မှုရော အားနည်းခဲ့ပါတယ်။ ကျနော်တို့ သိသလောက်ကတော့ ယဉ်ကျေးမှုဝန်ကြီးအဆက်ဆက်ရှိတဲ့အခါမှာ ဝန်ကြီးဦးဝင်းစိန်၊ ဝန်ကြီးဦးကြည်အောင်ပေါ့။ ဒီဝန်ကြီးနှစ်ပါးရဲ့လက်ထက်မှာ အရင်တုန်းက လူကြီးခိုင်းတာလုပ်နေတဲ့ ယဉ်ကျေးမှုဌာနဝန်ထမ်းတွေက ကျနော်တို့သမိုင်းမှာ ကွင်းဆက်ပြတ်နေတဲ့ဟာတွေကိုပြန်ပြီး ဖော်ထုတ်လာခဲ့တဲ့အတွက်စိတ်ပါလာတဲ့ ပညာရှင်တွေလည်းရှိလာသလို နိုင်ငံတော်ယဉ်ကျေးမှုဌာနကနေ ဒါတွေကို အားပေးလာတယ်ဆိုတော့တိုးတက်မှုတွေ တွေ့လာတဲ့အတွက် ဒီတိုးတက်မှုကိုအခြေခံပြီးတော့ ဝန်ကြီးအသစ် ပြောင်းလာတဲ့ ဦးကျော်ဆန်းလက်ထပ်မှာလည်း ဒါတွေကို ပြန်ကြားရေးဝန်ကြီးဘဝကတည်းက သိတယ်ဆိုတော့ ယဉ်ကျေးမှုဝန်ကြီး ဖြစ်လာတဲ့အချိန်မှာ ဒါတွေကို သူပြန်လုပ်မယ်လို့ ကျနော်တို့က မျှော်လင့်ပါတယ်"။

အစိုးရအဖွဲ့သစ်မှာတော့ဗိုလ်မှူးချုပ်ဟောင်းဦးကျော်ဆန်းဟာပြန်ကြားရေးဝန်ကြီးဌာနကို ဒုဝန်ကြီးဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဒုဝန်ကြီးဒေါ်စန္ဒာခင်နဲ့အတူ တာဝန်ယူဆောင်ရွက်နေပါတယ်။

---

# အာဏာပိုင်ကို ငွေပေးပြီး ဘိန်းစိုက်

**DVB၊ ၆မေ ၂၅။** ။ ရှမ်းပြည်တောင်ပိုင်းမှာ နယ်မြေခံပြည်သူ့စစ်နဲ့ အာဏာ ပိုင် စစ်တပ်တွေကို ငွေပေးပြီးတော့ ဒေသခံတွေ ဘိန်းစိုက်ပျိုးရေးလုပ်ငန်းကို အတော်များများလုပ်ကိုင်နေကြပါတယ်။

ရှမ်းပြည်တောင်ပိုင်း နမ့်စန်၊ လွိုင်လင်၊ မိုင်းပွန်၊ ပင်လုံ၊ ဆီဆိုင်၊ ဟိုပုံး၊ လင်းခေးစတဲ့ ဒေသဘက်က ဒေသခံ ဘိန်းတောင်သူတွေဟာ နယ်မြေ ခံပြည်သူ့စစ်နဲ့ အာဏာပိုင်တွေကို ငွေပေးပြီး ဘိန်းစိုက်ပျိုးရေးလုပ်ငန်းကို တွင်တွင်ကျယ်ကျယ်လုပ်ကိုင်နေပါတယ်။ တချို့နေရာမှာ စစ်တပ်ကိုတဧက ၅ သောင်းကနေ ၈ သောင်းအထိ မြို့နဲ့အနီးအဝေးပေါ်မူတည်ပြီးပေးရသလို ပြည်သူ့စစ်နဲ့နီးစပ်တဲ့ဘက်မှာတော့ ထွက်ရှိလာတဲ့ ဘိန်းပိဿာချိန်ကိုလိုက်ပြီး ပေးနေရတယ်လို့ နမ့်စမ်မြို့နယ်ဘက်က ဒေသခံတဦးက ပြောပါတယ်။

"အခုလုပ်တာကတော့ တောင်သာ ပအိုဝ်၊ လီရှော အကုန်လုံးလုပ်တာပဲ။ အဲဒီဟာ မလုပ်ရင်လည်း ပိုက်ဆံကမရဘူး၊ ရိုးရိုးအလုပ်လည်း မရှိဘူး။ ဘိန်းစိုက်တာက တရွာလုံး အိမ်တိုင်းပဲစိုက်နေတာပဲ၊ စစ်သားပအိုဝ် သူတို့နယ်မြေလေ ၂ ဖွဲ့ တောင်ရှိတယ် ပအိုဝ်နီနဲ့ ပအိုဝ်ဖြူ၊ ၁ ပိဿာလောက်ရရင် သူတို့ကို ၅ သောင်းလောက် ပေးရတယ်"။

ဘိန်းစိုက်ပျိုးရေးကို ဒေသခံတွေတင်မက နယ်စပ်ဘက်ကတရုတ်လူမျိုးတွေပါ မြေကေရာနဲ့ချိပြီးတော့ လာပြီး ဝယ်ယူလုပ်ကိုင်ကြတယ်။ ဘိန်းစိုက်ပျိုးမယ်ဆိုရင် အရင်းနှီးက တဧကကို ကျပ်ဆယ်သိန်းလောက်ရှိမှဖြစ်တဲ့အတွက် ကိုယ်တိုင်မစိုက်နိုင်သူတွေကတော့ ဘိန်းခင်းမှာ နေ့စားအလုပ်သွားလုပ်ကြပြီး ဘိန်းခြစ်တဲ့ရာသီဆိုရင် လုပ်အားခ ပိုရတယ်လို ပင်လုံမြို့ခံတဦး ကပြောပါတယ်။ တနေ့ကို ကျပ်တသောင်းအထိရတော့ အထက်တန်းနဲ့ တက္ကသိုလ်ကျောင်းသူကျောင်းသားတွေ၊ စစ်သားမိန်းမနဲ့ သားသမီးတွေလည်း လုပ်ကြတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံအစိုးရက မူးယစ်ဆေးဝါးပ ပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်ကနေ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ်စီမံကိန်းနဲ့ အကောင်အထည်ဖော်နေတယ်လို့ နိုင်ငံပိုင်သတင်းနဲ့မီဒီယာတွေမှာ မကြာခဏဖော်ပြနေပေမယ့်လည်း ဒေသထဲမှာတော့ ဘိန်းစိုက်ပျိုးမှု၊ ရောင်းဝယ်မှု၊ မူးယစ်ဆေးသုံးစွဲမှုနှုန်းတွေ မြင့်နေဆဲဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှုဆိုင်ရာရုံးရဲ့ ၂၀၁၀ ခုနှစ် ဇွန်လထုတ်အစီရင်ခံစာမှာလည်း ကမ္ဘာမှာ မြန်မာနိုင်ငံဟာ ဘိန်းစိုက်ပျိုးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး စိတ်ကြွဆေးထုတ်လုပ်မှုကတော့ အရှေ့တောင်အာရှ နိုင်ငံတွေထဲမှာ စတုတ္ထအများဆုံးနိုင်ငံလို့ ဖော်ပြသွားပါတယ်။

# အဖွဲ့ချုပ် သွေးလှူလူငယ်များအဖွဲ့ဝင်များ သွေးလှူခွင့် ငြင်းပယ်ခံရ

**DVB I မေ ၂၅ II** II တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် အမှတ် ၁၃ ကုတင် ၁၀၀ ဆန့် စစ်ဆေးရုံတာဝန်ရှိသူတွေက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သွေးလှူလူငယ်အဖွဲ့ရဲ့ သွေးလှူဒါန်းမှုကို လက်မခံဘဲ ငြင်းပယ်လိုက်ပါတယ်။

အဖွဲ့ချုပ် ကော့သောင်းလူငယ်သွေးလှူရေးအဖွဲ့ဝင် ၅ ဦး မနေ့ မေလ ၂၄ ရက်နေ့က သွေးသွားလှူရာမှာ ငြင်းပယ်ခံရတာပါ။ အဖွဲ့ချုပ်သွေးလှူအဖွဲ့တွေ လာရောက်လှူဒါန်းရင် လက်မခံဖို့ အထက်က ညွှန်ကြားထားတယ်လို့ ဆေးရုံတာဝန်ရှိသူတွေက ပြောတဲ့အကြောင်း ကော့သောင်းမြို့နယ် အဖွဲ့ချုပ်ဝင် ကိုမြင့်မောင်က ပြောပါတယ်။ ဒါ့ကြောင့် အန်အယ်ဒီအနေနဲ့ လှူခွင့်မရဘဲ သာမန်ပြည်သူတယောက် အနေနဲ့သာ လှူခဲ့ရတယ်လို့ ပြောပါတယ်။

"လူနာရဲ့ အသက်တချောင်းကို ဦးစားမပေးဘဲနဲ့ ကျနော်တို့ အဖွဲ့အပေါ်မှာ အာဃာတစိတ်နဲ့ အန်အယ်လ်ဒီသွေးကို မယူဘူးဆိုတဲ့ ပုံစံမျိုး ပြောလာတော့ ဒီအပေါ်မှာ စိတ်ကတော့ အနှောင့်အယှက်ဖြစ်မိတာပေါ့နော်။ ဒါပေမယ့် လူနာရဲ့အခြေအနေကလည်း တော်တော်ကြီးကို သွေးလိုအပ်တဲ့အခြေအနေမျိုး ဖြစ်နေတော့ နောက်ဆုံးမှာ ကျနော်တို့ညှိ နှိုင်းပြီးတော့ သာမန်သွေးအလှူရှင် တဦးအနေနဲ့ပဲ လှူဒါန်းခဲ့ပါတယ်။"

လူငယ်သွေးကူညီရေးအဖွဲ့ဟာ အဖွဲ့ချုပ်ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာကတည်းက လူငယ်တွေ စုပေါင်းပြီး စတင်သွေးလှူရေး လုပ်ငန်းတွေ လုပ်ကိုင်ရာကနေ အခုလို တားမြစ်ခံရတာဖြစ်ပါတယ်။ ဒီလ ၂၃ ရက်နေ့က တနင်္သာရီတိုင်း ဝန်ကြီးဦးခင်ဇော်ဦး ကော့သောင်းမြို့ ဆေးရုံကို ဝင်စစ်ဆေးခဲ့ရာမှာ သွေးအလှူရှင်တွေဟာ အဖွဲ့ချုပ်လူငယ်တွေ အများစုဖြစ်နေတာတွေ့ရှိပြီး ဝန်ထမ်းတွေ ကြိမ်းမောင်းခံရပြီးနောက် အခုလိုတားမြစ်ဖို့ ညွှန်ကြားချက်ထွက် ပေါ်လာတာဖြစ်ပါတယ်။ အင်မတန်မွန်မြတ်တဲ့ သွေးလှူဒါန်းမှုကို ငြင်းပယ်တဲ့လုပ်ရပ်ဟာ မဖြစ်သင့်ပါဘူးလို့ ကိုမြင့်မောင်ကပြော ပါတယ်။

"တယောက်နဲ့တယောက် သံသယစိတ်တွေ၊ ခွဲခြားဆက်ဆံတဲ့ဟာတွေ၊ ယုံကြည်မှုမရှိတဲ့ဟာတွေကြောင့်သာလျှင် အမျိုးသားရင်ကြားစေ့ရေးက ကြန့်ကြာနေရတာ။ အဲဒီတော့ ကျနော်တို့က တူညီတဲ့ နေရာကနေပြီးတော့ အမျိုးသားရင်ကြားစေ့ရေးရောက်အောင် တယောက်နဲ့တယောက်သံသယစိတ်တွေ မရှိအောင်၊ ယုံကြည်မှုတွေရအောင်ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ ဒီလုပ်ငန်းကို အကောင်အထည်ဖော်ကြတာပါ။ သမ္မတဦးသိန်းစိန်ကလည်း ဘယ်လိုပဲဖြစ်ဖြစ် တူတဲ့ဟာတွေကို ကျနော်တို့ပြည်သူတွေအတွက် ပူးပေါင်းပြီးတော့လုပ်ကြမယ်လို့ ပြောထားတော့ ဒီလိုမျိုးအောက်ခြေမှာ လူမှုရေးကိစ္စကို ခွဲခြားဆက်ဆံပြီးတော့ လက်မခံဘူးဆိုပြီးတော့ လုပ်လာတဲ့အပေါ်မှာ ကျနော်တို့ တော်တော်စိတ်မကောင်း ဖြစ်မိပါတယ်။"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ်သွေးကူညီပေးရေးအဖွဲ့ဟာ ရန်ကုန်အပါအဝင် တိုင်းနဲ့ပြည်နယ်တွေမှာ အဖွဲ့ဝင်တွေရှိပြီး အရပ်ဘက်ဆေးရုံတွေမှာရော စစ်ဆေးရုံတွေမှာ လှူဒါန်းနေကြတာဖြစ်ပါတယ်။ ရန်ကုန်မြို့က သွေးအကူပေးရေးအဖွဲ့ကိုကူညီသူ ဗိုလ်ကြီးဟောင်းနေမျိုးဇင်ကို အစိုးရက ဧပြီလ ဆန်းတုန်းက ဖမ်းဆီးပြီး အီလက်ထရောနစ်အက်ဥပဒေနဲ့အင်းစိန်ထောင် တွင်မှာ ချုပ်နှောင် တရားစွဲဆိုထားပါတယ်။

## ပြကွဒိန်မှ

**မေ ၂၅ I HK II** II အာရှတက္ကသိုလ်နှင့်ပထမဦးဆုံးအကြိမ် အမေးအဖြေအဖြစ် ဒေါ်အောင်ဆန်းစုကြည်သည် ဟောင်ကောင်တက္ကသိုလ်နှင့် Centenary Dialogue ရာစုနှစ် နှစ်ဦးနှဖလှယ်ဆွေးနွေးမှုအမည်ဖြင့် အင်တာဗျူးကို လက်ခံထားကြောင်း။

**မေ ၂၅ I DVB II** II ဩစတြေးလျားနှင့်မလေးရှားတို့၏ မြန်မာခိုလှုံသူလွှဲပြောင်းလဲလှယ်မှုအစီအစဉ်သည် ဥပဒေနှင့်မညီဟု ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာဟာ မင်းကြီးရုံးမှ ဆို၏။

**မေ ၂၅ I Assoc. Baptist Press II** II လူ ၂၄ ဦးအမသက်ဆုံး ၅၇ ဦးဒဏ်ရာရသည့် မတ် ၂၄ မြန်မာလျောင်ဒုက္ခသည်များအတွက် ပြည်ပ ဘက်ပတစ်ချားချ်များ စုပေါင်း၍ ငွေ ဒေါ်လာတသောင်း၊ ပြည်တွင်းမှ ဒေါ်လာ ၁၁၀၀၀ အာရှဘက်ပ်တစ်အဖွဲ့များမှ ဒေါ်လာ ၅၀၀၀ လှူခဲ့၏။

**မေ ၂၅ I Huffington Post, USA II** II မေ ၁၇ တွင် အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသားအမျိုးသား ၁၇ ဦးသည် အစာတော်ခံဆန္ဒပြနေသော နိုင်ငံအရေး အကျဉ်းကျ အမျိုးသမီး ၅ ဦးနှင့်လက်တွဲကာ အစာတော်ခံဆန္ဒပြပွဲဝင်ခဲ့ရာ သူတို့နှင့် စိတ်တူကိုယ်တူဆိုသည်ကို ဝိုင်းဝန်းပြသင့်ကြောင်း။

**မေ ၂၆ I Daily Telegraph II** IIမန္တလေးအပါအဝင် ရန်ကုန်ပြင်ပသို့ခရီးထွက်မည်ဟု ဒေါ်အောင်ဆန်းစုကြည်မှဆိုသဖြင့် စစ်အာဏာရှင်ချုပ်ကိုင် မြန်မာအစိုးရ၏ တုန့်ပြန်မှုကို စောင့်ကြည့်ရမည်ဖြစ်ကြောင်း။

**မေ ၂၆ I Monsters and Critics II** II အဲန်အဲလ်ဒီဦးဝင်းတင်အား ကျောက်ကပ်ရောဂါဖြင့် ဆေးရုံတင်ထားရပြီး အခြေအနေအသင်အတင့် စိုးရိမ်ရကြောင်း။

**မေ ၂၆ I BEIJING-AP II** II မြန်မာသမတအဖြစ် ဦးသိန်းစိန်သည် ပီကင်းသို့ယနေ့ ရောက်ရှိလာ၏။

**မေ ၂၆ I Times of India II** IIတရုတ်ဩဇာအောက် မတုန်မလှုပ် မြန်မာအစိုးရကြောင့် အိန္ဒိယနှင့်စီမံကိန်းများကို လက်လျော့ခြင်းသည် အိန္ဒိယ၏မြန်မာကြောင့် ကျနေသောနိုင်ငံရေးသိက္ခာကိုလည်း အဖတ်ဆည်မည်ဖြစ်၍ အကောင်းဆုံးဖြစ်နိုင်ကြောင်း အိန္ဒိယ သံအမတ်မှဆိုကြောင်း။

**မေ ၂၆ I MizzimaII** IIနိုင်ငံရေးအကျဉ်းသား ၁၄ ဦးအား ဆန္ဒပြမှုကြောင့် တိုက်ပိတ်ထားရာမှ မူရင်းအကျဉ်းခန်းသို့ပြန်ပို့ကာ ထောင်ဝင်စာ ပေးခဲ့ကြောင်း။

**မေ ၂၆ I DVB II** IIရှမ်းပြည်တောင်ပိုင်းတွင် မြန်မာစစ်တပ်နှင့် ရှမ်းဒေသခံတပ်အချို့သည် ဘိန်းစိုက်သူများထံမှ ငွေယူ၍ ဘိန်းစိုက်ခွင့်ပြုနေကြောင်း။

**မေ ၂၆ I Record Searchlight II** II မြန်မာပြည်တွင်းလူ့အခွင့်အရေးဖေါက်ဖျက်မှုများအား လူများပိုမိုသိစေရန်နှင့် မြန်မာဒုက္ခသည်များအားကူညီရန် ရံပုံငွေ ပေးပွဲကို မေ၂၈ စနေနေ့တွင် Redding, USA ၌ကျင်းပမည်။

**မေ ၂၆ I DVB II** II လိုင်ကော်တွင် ရေကာတာလျှိုင်ခေါင်း မြေပြို၍ ၇ ဦးသေဆုံးရာ တရုတ်တဦးပါကြောင်း။

**မေ ၂၇ I DVB II** II၁၉၉၀ ရွေးကောက်ပွဲ ၂၁ နှစ်မြောက် ယနေ့မတ် ၂၇ မိန့်ခွန်းတွင် (အဲန်အဲလ်ဒီသည်) အာဏာမက်၍မဟုတ်ဘဲ နိုင်ငံသိက္ခာအတွက် ၁၉၉၀ ရွေးကောက်ပွဲကို အသိအမှတ်ပြုရန် အတန်တန်ပြောနေရခြင်းဟု ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**မေ ၂၇ I S.H.A.N II** II တာလေးနှင့်မုန်လင်းမှ မတ် ၂၄ လျောင်ဒုက္ခသည်များစွာသည် ဆောက်လုပ်ရေးပစ္စည်းမလုံလောက်မှုကြောင့် မိုးကာတဲများဖြင့် သာဆက်လက်နေထိုင်နေရကြောင်း။

**မေ ၂၇ I DVB II** II ၂၀၁၁ ပဒိုမန်းရှာ လူငယ်ခေါင်းဆောင်ဆုကို ကရင်အမျိုးသားအစည်းအရုံး ထားဝယ်ခရိုင်ကျန်းမာရေးမှူး နော်ဒီဇင်ဘာဖောကို ချီးမြှင့်လိုက်၏။

**မေ ၂၇ I DVB II**II ဆေးရုံတက်နေသော ဦးဝင်းတွင်သည် ၁၉၉၀ ရွေးကောက်ပွဲ နှစ်လည်အထိန်းအမှတ်ပွဲသို့အသံသွင်းနှုတ်ခွန်းဆက်ခဲ့၏။

# ၉၀ ရွေးကောက်ပွဲရလဒ် အသိအမှတ်မပြုခြင်းကို အဖွဲ့ချုပ်က အပြဲကန့်မည်

**VOA၊ မေ ၂၇။** ။ ၁၉၉၀ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံအတွက် သမိုင်းတွင်ခဲ့ပြီး အရေးပါတယ်လို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကပြောပါတယ်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ် ပြုပေးဖို့ ပြောနေတာဟာ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) ပါတီက အာဏာတောင်းနေတာ မဟုတ်ဘဲ ပြည်သူလူထုရဲ့ ဆန္ဒနဲ့ မျှော်လင့်ချက်တွေကို မလေးစားခဲ့တာကြောင့် ပြောနေရတာ ဖြစ်တယ်လို့လည်း ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ဒီနေ့ ဗဟန်း ရွှေဂုံတိုင်မှာရှိတဲ့ NLD ပါတီ ရုံးချုပ်မှာ ပြုလုပ်တဲ့ ၁၉၉၀ မေလ ၂၇ ရက် ရွေးကောက်ပွဲ ၂၁ နှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားမှာ အခုလိုပြောလိုက်တာပါ။ ဒ့ါအပြင် ဒီရွေးကောက်ပွဲအပေါ် တခြားနိုင်ငံ ရေးပါတီတွေရဲ့ သဘောထားတွေကို မသင်းသီရိက စုစည်းတင်ပြပေး ထားပါတယ်။

၁၉၈၈ လူထုဆန္ဒကို ဖော်ထုတ်ခဲ့တဲ့ လှုပ်ရှားမှုကြီးကနေပေါက် ဖွားလာတဲ့ ၁၉၉၀ ရွေးကောက်ပွဲဟာ ဒီနေ့ဆိုရင် ၂၁ နှစ်ပြည့်ခဲ့ပြီဖြစ်ပေမဲ့ နိုင်ငံအတွက် သမိုင်းတွင်ကျန်ရစ်တဲ့ အရေးကြီးတဲ့ရွေးကောက်ပွဲတခု ဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကပြောပါတယ်။ ပြည်သူလူထုရဲ့ဆန္ဒကိုလေးစားပြီး အသိအမှတ်မပြု ခဲ့တဲ့လုပ်ရပ်တွေအပေါ်မှာ NLD ပါတီက အခုချိန်ထိ ထောက်ပြပြော ဆိုနေတာဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

"ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ ဆွေးနွေးတဲ့၊ စကားပြောတဲ့ဟာ တွေထဲမှာ သမိုင်းမှာကျန်ရစ်ခဲ့ပြီဆိုတဲ့ အသုံးအနှုန်းကို တချို့ကသုံးပါ တယ်။ ကျမတို့ရဲ့ရွေးကောက်ပွဲကို သမိုင်းနဲ့နှိုင်းယှဉ်ပြီး ပြောရတယ် ဆိုရင်ကို ဒီရွေးကောက်ပွဲဟာ ဘယ်လောက်အရေးပါခဲ့တယ်ဆိုတာကို အသိအမှတ်ပြုတာပဲ။ သမိုင်းနဲ့ကို ချိပြီးတော့ ဒီရွေးကောက်ပွဲက အ ရေးကြီးခဲ့တယ်ဆိုတာကို ကျမတို့ မမေ့သင့်ပါ ဘူး။

"ကျမတို့အနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲရဲ့ ရလဒ်ကို အသိအမှတ် မပြုတာကို အမြဲကန့်ကွက်တယ်။ NLD ကို အာဏာမပေးလို့ မဟုတ်ဘူး၊ ပြည်သူလူထုကို မလေးစားလို့။ ပြည်သူလူထုကို မျှော်လင့်ချက်တွေ ပေးပြီးတော့ ဒီမျှော်လင့်ချက်တွေကို ချေဖျက်လို့။ မလုပ်ကောင်းတဲ့ ကိစ္စ ဆိုတာ ဒီတိုင်းပြည်ရဲ့သမိုင်းအတွက် မကောင်းဘူး။ ကျန်ခဲ့တဲ့သမိုင်း မဟုတ်ဘူး၊ နောင်လာမယ့် သမိုင်းအတွက်လည်း မကောင်းဘူး။"

ဒီကနေ့ ဗဟန်း ရွှေဂုံတိုင်မှာရှိတဲ့ NLD ပါတီ ရုံးချုပ်မှာပြုလုပ် တဲ့ ရွေးကောက်ပွဲနှစ်ပတ်လည် အခမ်းအနားမှာ စာတမ်းဖတ်ပွဲနဲ့အ တူ မကြာသေးခင်က ပြန်လွတ်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို နှုတ်ဆက်ဂုဏ်ပြုတဲ့ အခမ်းအနားတွေအတွင်း ဒေါ်အောင်ဆန်းစုကြည် က အခုလို မှတ်ချက်ပေးပြောဆိုခဲ့တာပါ။ ရွေးကောက်ပွဲလုပ်တိုင်း ဒီမို ကရေစီ ရှိပြီလို့မပြောနိုင်သလို ဒီမိုကရေစီဆိုတာပြည်သူလူထုကိုဘယ် လောက်လေးစားတဲ့ အစိုးရဖြစ်မလဲဆိုတဲ့ စံနှုန်းတွေနဲ့သာတိုင်းတာဖို့ လိုတယ်လို့လည်း ဆိုပါတယ်။

"ရွေးကောက်ပွဲရှိတိုင်း ဒီမိုကရေစီရှိတာမဟုတ်ပါဘူး။ ဒီမိုကရေ စီမရှိတဲ့ နိုင်ငံတွေမှာလည်း ရွေးကောက်ပွဲတွေဆိုတာ ရှိပါတယ်။ တ ကယ် နိုင်ငံတနိုင်ငံအတွက် အရေးကြီးတာဟာပြည်သူလူထုကို ဘယ် လောက် အလေးထားသလဲ၊ ပြည်သူလူထုရဲ့ ကောင်းကျိုးအတွက် အစိုးရလုပ်တဲ့ သူတွေက ဘယ်လောက်လုပ်ပေးရသလဲ။ လုပ်ပေးနိုင် သလဲမဟုတ်ဘူး၊ ဘယ်လောက်လုပ်ပေးရသလဲ။ လုပ်ပေးနိုင်ပေမဲ့မ လုပ်ပေးတဲ့သူတွေရှိတယ်။ ဘယ်လို အဆောက်အအုံတွေရှိလဲ၊ ဘယ် လိုစည်းမျဉ်းစည်းကမ်းတွေရှိလဲ၊ ဘယ်လိုအထောက်အပံ့တွေရှိလဲဆို တာ အဲဒါအရေးအကြီးဆုံးပါပဲ။ ဒီနိုင်ငံဟာ တကယ်ပဲ ဒီမိုကရေစီဘက် ကို ဦးတည်နေပြီလားဆိုတာ ကျမတို့ ကြည့်ရမှာပေါ့။"

ဒီမိုကရေစီဘက်ကိုတကယ်ပဲဦးတည်နေပြီဆိုရင်တော့နိုင်ငံမှာ တရားဥပဒေစိုးမိုးရေးဟာ အရေးကြီးဆုံးပဲလို့လည်း ဒေါ်အောင်ဆန်း စုကြည်က ထောက်ပြခဲ့ပါတယ်။

"တရားဥပဒေ စိုးမိုးရေးမရှိသ၍တော့ ဘယ်လို ကတိတွေပဲပေး ပေး၊ ဘယ်လိုစကားလှလှတွေပဲပြောပြော အဲဒါကတော့ ဘာမှအရာ ရောက်မှာမဟုတ်ပါဘူး။ တရားဥပဒေ စိုးမိုးရေးနဲ့ပတ်သက်နေတာ တော့ ကျမတို့ခံယူချက်ကြောင့် အကျဉ်းကျနေတဲ့သူတွေပဲ။ ဒီပုဂ္ဂိုလ် တွေကို တရားဥပဒေနဲ့အညီ အကျဉ်းချခဲ့တာလား၊ တရားဥပဒေနဲ့အ ညီစစ်ဆေးခဲ့ကြတာလား၊ တရားဥပဒေနဲ့အညီ ဖမ်းဆီးခဲ့တာလား။ အဲတော့ အဲဒီဟာတွေမရှိခဲ့ဘူးဆိုရင် ဒီတိုင်းပြည်မှာ တရားဥပဒေစိုးမိုး ရေးမရှိဘူးဆိုတာ အင်မတန်မှရှင်းပါတယ်။"

ဒ့ါအပြင် အကျဉ်းထောင်တွေက လွတ်လာတဲ့ နိုင်ငံရေးအကျဉ်း သားတွေကို သူတို့ရဲ့ ရပ်တည်ချက်တွေနဲ့ပတ်သက်လို့ တာဝန်သိမှု တွေအပေါ် ကျေးဇူးတင်ကြောင်းနဲ့ ဖခင်ဗိုလ်ချုပ်အောင်ဆန်းရဲ့စကား တခုဖြစ်တဲ့ လုပ်ရဲတာ သတ္တိမဟုတ်ဘဲ ခံရဲတာသာ သတ္တိဖြစ်တယ်ဆို တဲ့စကားကို လက်ကိုင်ထားကြရင်း မဆုတ်မနစ် ဆက်ပြီး လူထုအတွက် ရပ်တည်ဖို့ကို ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းသွားပါတယ်။

မြန်မာနိုင်ငံကို နှစ်ပေါင်း ၂၀ နီးပါး အုပ်ချုပ်ခဲ့တဲ့ အစိုးရဟာ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ မနှစ် ၂၀၁၀ က နောက်ထပ် ရွေးကောက်ပွဲတခု ထပ်ကျင်းပခဲ့ပြီး အခုဆိုရင် အရပ်သား အစိုးရကို အာဏာလွှဲပေးလိုက်ပါပြီ။ ဒီလို ဆယ်စုနှစ် ၂ စုနီးပါးကြာမှ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ ၂ ခုကို ယှဉ်ကြည့်မယ်ဆိုရင် လွတ်လပ်မှု၊ တရားမျှတမှုနဲ့ လူထုစိတ်ဝင်စားမှုက ကွာဟခြားနားခဲ့ပေမဲ့ ပြောစရာတခုအနေနဲ့ ကျန်ရစ်ခဲ့တာကလွဲရင် ကျန်တာတွေကတော့ အချိန်လွန်နေပြီလို့ ဒီမိုကရက်တစ်ပါတီ (မြန်မာ) အဖွဲ့က ဦးသုဝေက သုံးသပ်ပါတယ်။

"၁၉၉၀ ခုနှစ် ရွေးကောက်ပွဲက အများကြီး လွတ်လပ်တာပေါ့။ လုပ်ပိုင်ခွင့်တွေ အများကြီးရှိတယ်၊ လူတွေကလည်း တက်တက်ကြွကြွ နဲ့ စိတ်ပါဝင်စားစွာရှိနေတဲ့ အချိန်ကာလပေါ့။ ၂၀၁၀ ရွေးကောက် ပွဲကျတော့ လူတွေကလည်း ဟိုတုန်းကလို မတက်ကြွတော့ဘူး။ ရွေး ကောက်ပွဲရဲ့ လွတ်လပ်မှု၊ တရားမျှတမှုဆိုတာလည်းပဲ ဟိုတုန်းကလို မရှိဘူးပေ့ါ။ အဲဒီလိုရွေးကောက်ပွဲ အခြေအနေကတော့ ကွာခြားမှုရှိပါ တယ်။ ဒါပေမဲ့ အချိန်အခါတော့ လွန်သွားပြီ။ လူတွေကလည်း ဒါက တော့ မျှော်လင့်ချက်မရှိတော့ပါဘူး။ ဖြစ်လည်း ဖြစ်လာနိုင်မယ့်ဟာ မ

**စာမျက်နှာ ၁၉ သို့**

# ၉၀ ရွေးကောက်ပွဲရလဒ်ကို ကိုင်စွဲပြီး CRPP ဆက်လက်ကြိုးပမ်းသွားမည်

**DVB | မေ ၂၇ ။** ။ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ကိုင်စွဲပြီး ဆက်လက်ကြိုးပမ်းသွားမယ်လို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအတွင်းရေးမှူးဦးအေးသာအောင်က ပြောပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ကို ၁၉၉၈ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့ မှာဖွဲ့စည်းခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အတိုင်း ပြည်သူ့လွှတ်တော်ခေါ်နိုင်ဖို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် စတဲ့ ရွေးကောက်ခံနိုင်ငံရေးပါတီတွေ၊ တသီးပုဂ္ဂလတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

၁၉၉၀ ရွေးကောက်ပွဲကလည်း ၂၁ နှစ်ကျော်ခဲ့ပြီ။ အဲဒီကာလမှ ဒီနှစ်က ပထမဆုံး ထူးထူးခြားခြားအနေနဲ့ တဖက်က တပ်မတော်အစိုးရကနေပြီးတော့ ရွေးကောက်ပွဲ အသစ်တခုလုပ်ပြီး အစိုးရလည်း ဖွဲ့ပြီးပြီဆိုတော့လေ ဒီနှစ်က ပထမဆုံးကြုံတွေ့ရတဲ့ နှစ်ပေါ့။ ဒီဟာနဲ့ပတ်သက်ပြီးတော့ CRPP အနေနဲ့ အန်ကယ်တို့ ၁၉၉၀ ရလဒ်ကို ပစ်ပယ်လိုက်ပြီလား၊ ဆက်လက်ကိုင်းစွဲထားတုန်းလား။

“ဟုတ်ကဲ့ ကျနော်တို့အနေနဲ့ကတော့ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ကိုင်စွဲထားလို့သာ ဒီနေ့ ရွေးကောက်ပွဲ နှစ်ပတ်လည်နေ့ကို ကျင်းပတာဖြစ်ပါတယ်။ အဲဒီတော့ ဒီနှစ်ကျင်းပတဲ့အခါမှာလည်းပဲ အခါတိုင်းနှစ်တွေနဲ့ မတူဘဲကျနော်တို့ စာတမ်းဖတ်ပွဲတခုလည်းပါဝင် ပါတယ်။ အဲဒီ စာတမ်းမှာ ၁၉၉၀ ရွေးကောက်ပွဲကို တိုင်းရင်းသားများအရဲ့ အမြင်ပေါ့၊ ဘယ်လိုအမြင်တွေနဲ့ ၉၀ ရွေးကောက်ပွဲကို ဝင်ခဲ့တယ်ဆိုတာလည်း စာတမ်းတစောင်ဖတ်ပါတယ်။ ပြီးတော့ နောက် ၉၀ ရွေး ကောက်ပွဲကို ဘယ်လို ဘယ့်ကြောင့် ဝင်ခဲ့ရတယ်ဆိုတာ အန်အယ်လ်ဒီအနေနဲ့ လည်း စာတမ်းတဆောင်တင်ပါတယ်။ ဖတ်ပါတယ်။ နောက် ၂၀၁၀ ရွေးကောက်ပွဲကို ဘာ့ကြောင့် မဝင်ခဲ့ရသလဲဆိုတာကို လည်းပဲ ကိုဖြိုးမင်းသိန်းက စာတမ်းတစောင်ဖတ်ပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့် CRPP နေနဲ့ပဲဖြစ်ဖြစ်၊ အန်အယ်လ် ဒီနဲ့ ၉၀ ရွေးကောက်ပွဲမှာ အနိုင်ရခဲ့တဲ့ ပါတီများ အနေနဲ့ ၉၀ ရွေးကောက်ပွဲအပေါ်မှာ ဘယ်လောက်အထိ အခိုင်အမာ ရပ်တည်တယ်၊ အလေးအနက်ထားတယ်ဆိုတာ သက်သေပြလိုက်တာလည်း ဖြစ်ပါတယ်။ အထူးသဖြင့်တော့ မြန်မာနိုင်ငံမှာ ၉၀ ရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲလည်းဖြစ်သလို ၈၈ လူထုတော်လှန်ရေးကနေ ပေါ်ပေါက်လာတဲ့ ရွေးကောက်ပွဲလည်းဖြစ်တယ်။ ပြည်သူတွေကလည်းပဲ တကယ့်အပြောင်းအလဲတခုကို လိုချင်လို့ ဒီရွေးကောက်ပွဲမှာ ဆန္ဒမဲပေးခဲ့ကြတယ်။ ဒါပေမယ့် အပြောင်းအလဲတခု မဖြစ်ခဲ့ဘူးပေါ့။ ဒါပေမယ့် ဒီရွေးကောက်ပွဲဟာမြန်မာနိုင်ငံရဲ့နိုင်ငံရေးသမိုင်းမှာ၊ ရွေးကောက်ပွဲသမိုင်းမှာ အထင်ကရရွေးကောက်ပွဲတခုဖြစ်တယ်။ မှတ်တိုင်တခုအနေနဲ့ရှိနေမှာ ဖြစ်သလို CRPPအနေနဲ့ပဲဖြစ်ဖြစ်၊ အန်အယ်လ်ဒီအနေနဲ့ပဲဖြစ်ဖြစ် ၉၀ ရွေးကောက်ပွဲကိုဆကလက်ပြီးတော့ ကိုင်စွဲပြီးတော့ တိုင်းပြည်အတွက် အပြောင်းအလဲတခု ဖြစ်အောင် ဒီမိုကရေစီနိုင်ငံဖြစ်အောင် တိုင်းရင်းသားများရဲ့ အခွင့်အရေးကို ဖော်ဆောင်နိုင်အောင် ဆက်လက်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။“

CRPP အနေနဲ့ ၉၀ ရွေးကောက်ပွဲရလဒ်ကို ဆက်လက်ကိုင်စွဲထားတာက ဘာအကြောင်းကြောင့်ပါလဲခင်ဗျာ။ ဥပမာအားဖြင့် နိုင်ငံကို အုပ်ချုပ်ချင်လို့လား၊ ဘာလို့လဲဆိုတော့ အခုသမတဦးသိန်းစိန်အစိုးရကအုပ်ချုပ်နေပြီလေ။

“အဓိကကတော့ ၉၀ ရွေးကောက်ပွဲဟာ အဲဒီအချိန်တုန်းက နဝတ၊ နအဖက ကျင်းပပေးခဲ့တယ်။ ပြည်သူတွေကလည်း တခဲနက်ထက်ထက်သန်သန် လွတ်လွတ်လပ်လပ်မဲဆန္ဒပေးခဲ့တယ်။ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲလည်းဖြစ်တယ်။ ဒီလိုရွေးကောက်ပွဲတခုကိုအကောင်အထည်မဖော်ဘဲနဲ့နောက်ရွေးကောက်ပွဲတခုကို လုပ်တယ်ဆိုတာ ဒါတိုင်းပြည်မှာ ဘယ်လိုမှမဖြစ်သင့်တဲ့ အလုပ်တခုဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီရွေးကောက်ပွဲရဲ့ ရလဒ်ကိုတော့နဝတ၊ နအဖကိုကိုယ်စားပြုတဲ့ တနည်းအားဖြင့် ဆက်ခံတဲ့ အခုလက်ရှိအစိုးရအနေနဲ့ပဲဖြစ်ဖြစ် အန်အယ်လ်ဒီအပါအဝင် ၉၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ပါတီများအနေနဲ့ပဲဖြစ်ဖြစ် ဒီ ၉၀ ရွေးကောက်ပွဲရလဒ်ကိုတနည်းနည်းနဲ့ အသိအမှတ်ပြုဖို့လိုမယ်၊ အကောင်အထည်ဖော်ဖို့လိုမယ်ဆိုတာကလည်း တချက်ပေါ့။ ပြီးတော့ ၂၀၁၀ ရွေးကောက်ပွဲဟာ၂၀၀၈ ဖွဲ့စည်းပုံ အရသော်လည်းကောင်း၊ ပြီးတော့ ရွေးကောက်ပွဲကျင်းပတဲ့နေရာမှာလည်းပဲ ဒီရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူး။ နည်းမျိုးစုံနဲ့တဖက်က အနိုင်ရအောင် လုပ်ထားတယ်ဆိုတာကို လူတိုင်းလည်း အသိဖြစ်တယ်။ ဒါကြောင့်မို့လို့ ၉၀ ရွေးကောက်ပွဲ ရလဒ်ကို ကိုင်စွဲရတာဖြစ်ပါတယ်။”

အန်ကယ်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအနေနဲ့ရှေ့ဆက်ပြီးတော့ နိုင်ငံရေးလုပ်ငန်းစဉ်လုပ်တဲ့အခါမှာ ၂၁ ရာစု ပင်လုံညီလာခံတရပ် ခေါ်ယူရေးပေါ့နော်၊ အဲဒီလုပ်ငန်းစဉ်တွေကရော ဘယ်လောက် အထိအောင် အကောင်အထည် ဖော်ဖို့ရှိပါသလဲ။ နီးပြီလားခင်ဗျ။

“ဟုတ်ကဲ့ အခု ကျနော်တို့ အဆင့်တခုအနေနဲ့ ဒီ ၂၁ ရာစုပင်လုံကို လုပ်ငန်းစဉ်တခုအနေနဲ့ပင်လုံစာချုပ်နဲ့ ပြည်ထောင်စုစိတ်ဓာတ် ဆိုတဲ့စာတမ်းတွေကို ပညာရှင်တွေဆီကရော၊ ပြည်ပမှာရှိတဲ့ ပညာရှင်တွေဆီကရော စာတမ်းတွေ တောင်းထားပါတယ်။ ဒီစာတမ်းတွေ ရတာနဲ့ကျနော်တို့ စာတမ်းဖတ်ပွဲ လုပ်ပါမယ်။ ပြီးတော့ဒီစာတမ်းတွေကရလာတဲ့အနှစ်သာရတွေကိုလည်းကျနော်တို့ယူပါမယ်။ ပြီးတော့မှ နောက်တဆင့် အခြားအခြားအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနဲ့လည်း တိုက်ရိုက်သော်လည်းကောင်း၊ အခြားနည်းနဲ့သော်လည်းကောင်း ဆွေးနွေးပြီးတော့ တခြားအချက်အလက်တွေကိုလည်း ယူပြီးတော့ဆက်လက် လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။”

# အကျဉ်းသားလွတ်ရေးဆုတောင်းပွဲ ဆက်လုပ်မည်

**DVB | မေ ၂၅ ။** ။ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော် လွတ်မြောက်ရေး ဆုတောင်းပွဲကို ဆက်လက်လုပ်ဆောင်မယ်လို့ ထောင်ကလွတ်လာတဲ့ အင်္ဂီဘုရားဖူးအဖွဲ့မှ နော်အုန်းလှက ပြောပါတယ်။

“အင်္ဂီဘုရားဖူးအဖွဲ့ကနေပြီးတော့ ဒီလ ၂၀ အတွင်းမှာ မပြတ်မကွက် လုပ်ခဲ့တဲ့အတွက် အများကြီးပဲ ကျေးဇူးလည်းတင်ပါတယ်။ နိုင်ငံရေးအကျဉ်းသားအများကြီးကျန်တယ်ဆိုတော့ အန်တီတို့ ဒီဆုတောင်းပွဲဆိုတာက ကိုယ့်ယုံကြည်ချက်အရ ဆုတောင်းတဲ့အတွက်ဆက်လက်ပြီတော့လုပ်ဆောင်မယ်”။

မေလ ၁၆ ရက်နေ့က လွှတ်ပေးလိုက်တဲ့ နိုင်ငံရေးအကျဉ်းသား ၅၁ ဦးထဲမှာ အင်္ဂီဆုတောင်းအဖွဲ့ဝင်ထဲက မချိုအေး၊ မစန်းစန်းမြင့်နဲ့ နော်အုန်းလှတို့ပြန်လည်လွတ်မြောက်လာပါတယ်။ အင်္ဂီဘုရားဖူးအဖွဲ့ဝင်တွေဖြစ်တဲ့သူတို့သုံးဦးဟာ ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့အရေးအခင်းမှာပါဝင်ခဲ့မှုနဲ့ အဖမ်းခံခဲ့ရတာဖြစ်ပါတယ်။ အခုအခါ ဘုရားဖူးအဖွဲ့တွေဟာ အင်္ဂီနေ့မှာတင်မက တနင်္ဂနွေနေ့တွေမှာလည်း ဒေသဆိုင်ရာ ဘုရားစေတီတွေမှာ နိုင်ငံရေးအကျဉ်းသားလွတ်ရေးဆုတောင်းပွဲတွေ ပြုလုပ်နေပြီလို့ နော်အုန်းလှက ပြောပါတယ်။

“တချို့အင်္ဂီနေ့ မလာနိုင်တဲ့အခါကျတော့ မြို့နယ်တွေမှာ ဆုတောင်းပွဲလုပ်ချင်တယ်၊ တောင်းဆိုလာတော့ ဒါကို ဆောင်ရွက်ခြင်းဖြစ်တယ်လို့အန်တီမြင်တယ်၊ ဘာလို့လဲဆိုတော့ တနင်္ဂနွေက ရုံးအားရက်ဖြစ်တယ်။ အားတဲ့လူတွေလည်း လာနိုင်အောင်လို့ စီစဉ်တာဖြစ်မယ်”။

# အင်းစိန်ထောင်တွင်း အစာငတ်ခံဆန္ဒပြသူများကို ဦးသိန်းစိန်က စစ်ခွေးတိုက်ပို့

**VOA ၊ မေ ၂၄ ။** ။ အင်းစိန်ထောင်ထဲမှာ အကျဉ်းသားတွေရဲ့ရပိုင်ခွင့်တွေ တောင်းဆိုနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေထဲက ၆ ယောက်ကို စစ်ခွေးတိုက်ကို ပို့လိုက်ပြီလို့ နိုင်ငံရေးအကျဉ်းသား အကျိုးဆောင်ကွန်ရက်အဖွဲ့ကပြောပါတယ်။ အပြည့်အစုံကိုဗွီအိုအေထိုင်းအခြေစိုက်သတင်းထောက် မအေးအေးမာက တင်ပြပေးထားပါတယ်။

မေလ ၂၁ ရက်နေ့ကစပြီး အင်းစိန်ထောင် အမျိုးသားဆောင်က နိုင်ငံရေးအကျဉ်းသားတွေဟာ အကျဉ်းသားတွေ ရပိုင်ခွင့် အခွင့်အရေး ၆ ချက်ကို တောင်းဆိုပြီး မေလ ၂၂ ရက်နေ့ကစပြီး အစာငတ်ခံဆန္ဒပြခဲ့တာပါ။ အခုအခါမှာတော့ နိုင်ငံရေးအကျဉ်းသားတွေထဲက ဦးဆောင်သူလို့ ယူဆရသူ ၆ ဦးကို စစ်ခွေးတိုက်ကို ပို့ဆောင်လိုက်ပြီလို့ ဆိုပါတယ်။ နိုင်ငံရေး အကျဉ်းသားများ အကျိုးဆောင် ကွန်ရက်အဖွဲ့က ကိုအောင်ထွန်းဇော်က အခုလိုပြောပြပါတယ်။

"ဒီနေ့ ထောင်ဝင်စာ သွားတွေ့ပြီး ပြန်လာတဲ့ မိသားစုတစု ပြောတာက ကိုညီညီထွန်းအပါအဝင် ကိုဉာဏ်ထွန်းလင်းတို့နဲ့ စုစုပေါင်း ၆ ယောက်လောက် စစ်ခွေးတိုက်ကို မနေ့ ညနေက ပို့လိုက်တယ်လို့ကြားတယ်။ ၂၃ ရက်နေ့ ညနေပိုင်းမှာ သူတို့ကို စစ်ခွေးတိုက်ပို့လိုက်တယ်တဲ့။ ကျန်ခဲ့တဲ့သူတွေက အဆောင်မှာ ဆက်ပြီးတော့ တိုက်ပွဲဝင်နေကြတယ်။ ၆ ယောက်ကိုတော့ ခွဲပြီးတော့ စစ်ခွေးတိုက်ကို ပို့လိုက်ပြီ။ အခြေအနေကတော့ တောင်းဆိုထားတဲ့ဟာတွေ ဘာမှမပြန်ကြားသေးဘူးတဲ့၊ အာဏာပိုင်ဘက်က။ အဲဒါ ဒီမနက် ထောင်ဝင်စာ သွား တွေ့ပြီး ပြန်လာတဲ့ အုပ်စုက ထွက်လာတဲ့သတင်းပေါ့။

"ပြီးတော့ လောလောဆယ် အဲဒီ အစာငတ်ခံ တိုက်ပွဲဝင်နေတဲ့ လူဦးရေထဲမှာပါတဲ့ နိုင်ငံရေးအကျဉ်းသားတွေရဲ့ အိမ်တွေက ထောင်ဝင်စာနဲ့ အစားအစာပေးခွင့်ကို ပိတ်ပင်လိုက်တယ်။ အမျိုးသမီးဆောင်က ၇ ယောက် ဆက်ပြီးတော့ လုပ်နေတယ်။ အမျိုးသမီးဆောင် မိသားစုတွေလည်း တွေ့ခွင့်မရဘူး။ နိုင်ငံရေးအကျဉ်းသူက ၄ ယောက်၊ ရိုးရိုးအကျဉ်းသူက ၃ ယောက်၊ အဲဒါ ၇ ဆောင်မှာလုပ်နေတဲ့လူတွေ။"

အကျဉ်းကျနေစဉ် စာပေလေ့လာခြင်း၊ ဘာသာစကား လေ့လာခြင်းတွေကို အထောက်အကူ ပြုစေရန် စာရေးကိရိယာတွေကို ခွင့်ပြုဖို့၊ စာအုပ်တွေကို လွယ်ကူစွာ ဖတ်ရှုခွင့်ရဖို့နဲ့ မိသားစုနဲ့လွတ်လပ်စွာ တွေ့ခွင့်ရဖို့အပါအဝင် အချက် ၆ ချက်ကို နိုင်ငံရေး အကျဉ်းသားတွေက တောင်းဆိုခဲ့တာပါ။ အင်းစိန်ထောင် အဆောင် ၂၊ ၃၊ ၄၊ ၅ မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေဖြစ်တဲ့ ကိုညီညီထွန်း၊ ကိုဇော်ထွန်းနိုင်၊ ဦးရေဝတ၊ ကိုရဲမြတ်ဟိန်း၊ ဦးဝိလာသ၊ ကိုဇင်မင်းရှိန်၊ ကိုမျိုးမင်းသူ၊ ကိုသက်နိုင်ဦး၊ ကိုသော်ဇင်၊ ကိုကောင်းမြတ်လှိုင်၊ ကိုကိုအောင်၊ ကိုဉာဏ်ထွန်းလင်း၊ စောအယ်ထူး၊ စောနိဘယ် အပါအဝင် ၂၂ ဦးတို့ဟာ မေလ ၂၁ ရက်နေ့ကစပြီး ဆန္ဒပြခဲ့ကြတာဖြစ်ပါတယ်။

အကျဉ်းသားတွေကို အခုလို စစ်ခွေးတိုက် ပို့တာနဲ့ ပတ်သက်ပြီး နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်းရဲ့ တွဲဖက်အတွင်းရေးမှူးကိုဘိုကြည်ကတော့ နှိပ်စက်ညှဉ်းပမ်းမှုတွေ လုပ်မှာဖြစ်တဲ့အတွက် စိုးရိမ်စရာကောင်းတဲ့ အခြေအနေရှိကြောင်း အခုလိုပြောသွားပါတယ်။

"ဆန္ဒပြနေတဲ့သူတွေထဲက တချို့ကို စစ်ခွေးတိုက်ကို ပြောင်းတယ်လို့ ကျနော်တို့လည်း ကြားသိရပါတယ်။ ဒီဟာနဲ့ ပတ်သက်ပြီး ကျနော်တို့ တော်တော်စိုးရိမ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စစ်ခွေးတိုက်ဆိုတာက အကျဉ်းသားတွေကို နှိပ်စက်တဲ့နေရာဖြစ်နေတယ်၊ ဒါကြောင့် ဒီလူတွေကို သူတို့တောင်းဆိုချက် မလိုက်လျောဘဲနဲ့သူတို့ကို ပြစ်ဒဏ်ပေးမှာ၊ နှိပ်စက်မှာကို ကျနော်တို့ အတော်လေး စိုးရိမ်မိပါတယ်။

"သူတို့ရဲ့ တောင်းဆိုချက်တွေက အာဏာပိုင်တွေကိုရော၊ လက်ရှိ အုပ်ချုပ်နေတဲ့ သူတွေကိုရော ထိခိုက်တဲ့ တောင်းဆိုချက်တွေ တခုမှ မပါပါဘူး။ သူတို့အတွက် အဓိကလိုအပ်တဲ့ စားရေး သောက်ရေးတို့၊ ကျန်းမာရေးနဲ့ပတ်သက်တာ၊ အသိပညာနဲ့ ပတ်သက်တဲ့ တောင်းဆိုချက်တွေပဲဖြစ်ပါတယ်။ ဒါတွေက အကျဉ်းထောင် အာဏာပိုင်ကလွယ်လွယ်ကူကူနဲ့လိုက်လျော ဖြေရှင်းလို့ရနိုင်တဲ့ ကိစ္စတွေဖြစ်ပါတယ်။ ဒါကို လွယ်လွယ်ကူကူနဲ့ လိုက်လျော ဖြေရှင်းတာ မဟုတ်ဘဲနဲ့ ဒီလိုမျိုး စစ်ခွေးတိုက်ကိုပို့တယ်၊ နောက် ပြစ်ဒဏ်ပေးမယ်ဆိုရင်တော့ ဒါအကျဉ်းထောင် အာဏာပိုင်တွေဘက်က တော်တော်မတရားတဲ့ လုပ်ရပ်ဖြစ်ပါတယ်။"

အလားတူ US Campaign for Burma ခေါ် အမေရိကန်အခြေစိုက်မြန်မာ့အရေးလုပ်နေတဲ့ အဖွဲ့ကလည်း နိုင်ငံရေးအကျဉ်းသားတွေကို နိုင်ငံတကာက နီးနီးကပ်ကပ်စောင့်ကြည့်ဖို့ ကြေညာချက်ထုတ်ပြီး တိုက်တွန်းထားပါတယ်။

မြန်မာအစိုးရကတော့ မေလ ၁၆ ရက်နေ့က လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကိုထုတ်ပြန်ပြီး အကျဉ်းသားပေါင်း ၁၄,၆၀၀ ကိုပြန်လွှတ်ရာမှာ နိုင်ငံရေးအကျဉ်းသား ၅၀ ကျော်သာ ပြန်လွှတ်ပေးခဲ့ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် အင်းစိန်ထောင်တွင်းက နိုင်ငံရေးအကျဉ်းသူ ၄ ဦး အပါအဝင် အမျိုးသမီး ၇ ဦးက အစာငတ်ခံဆန္ဒပြမှုကို လုပ်ခဲ့ကြတာလည်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၂,၂၀၀ ကျော်ရှိပြီး ကုလသမဂ္ဂ အပါအဝင်နိုင်ငံတကာက ပြန်လွှတ်ပေးဖို့အတွက် တောင်းဆိုနေတာလည်း ဖြစ်ပါတယ်။ မြန်မာအစိုးရကတော့ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားမရှိဘူးဆိုပြီး ငြင်းဆိုထားပါတယ်။

မြန်မာအစိုးရရဲ့ မေလ ၁၆ ရက်နေ့က လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ပတ်သက်ပြီး နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးတာဟာ လွတ်ငြိမ်းချမ်းသာခွင့် မဟုတ်ဘူး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေ့ရှုတဲ့သဘော မတွေ့ရဘူးဆိုပြီး ကုလသမဂ္ဂရဲ့ မြန်မာပြည်ဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် တောမတ်စ် အိုဟေးကင်တားနား (Tomas Ojea Quintana) ကလည်း ပြောဆိုထားပါတယ်။

---

**အချုပ်အချာ အာဏာကို ပြည်သူသာ ပိုင်ရမည်**

# ငြိမ်းချမ်းရေး ပဋိပက္ခနှင့် အကြမ်းဖက်မှု

ခင်ပပမျိုး

**ယခင်တပတ်မှအဆက်**

ဒါကြောင့် ပဋိပက္ခတွေကို ဖြေရှင်းတဲ့အခါ၊ ပြုမူဆောင်ရွက်မှုတွေကို ပြောင်းလဲပြီး တိုက်ရိုက်အကြမ်းဖက်မှုကို အဆုံးသတ်ခြင်း၊ structure ဆိုင်ရာ ဖိနှိပ်ချုပ်ခြယ်မှု၊ မတရားမှုတွေကို ဖယ်ရှားပြီး structural violence ကို အဆုံးသတ်ခြင်းနဲ့ အမြင်သဘောထားတွေကို ပြောင်းလဲပြီး ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုကို အဆုံးသတ်ခြင်းတွေကို ဘက်စုံထောင့်စုံ ပြုလုပ်ဖို့လိုပါတယ်။

ငြိမ်းချမ်းရေးဆိုတာ အကြမ်းဖက်မှုရဲ့ ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ဒီသဘောတရားကို လက်ခံပြီး၊ ငြိမ်းချမ်းရေး ဆောင်ကျဉ်းဖို့ ကြိုးပမ်းသူတွေက အကြမ်းမဖက်သော အတွေးအခေါ်၊ အမြင်သဘောထားတွေ ပျံ့နှံ့လာဖို့ ကြိုးပမ်းလုပ်ဆောင်လေ့ရှိကြပါတယ်။ သို့ပေမယ့် ပြုမူဆောင်ရွက်ပုံ (behaviour) တွေကို ပြောင်းလဲဖို့ ကြိုးပမ်းမှုမရှိပဲ၊ အမြင်သဘောထား (attitudes) တွေ ပြောင်းလဲရုံနဲ့မဖြစ်နိုင်ပါဘူး။ Behaviour change ကို အကြမ်းမဖက်သော အပြုအမူဖြစ်လာစေဖို့ ဆိုတာမှာကလဲ လုံခြုံရေးရှိတယ်လို့ ခံစားရမှု (sense of security) ရှိမှုဖြစ်ပါတယ်။ ညာဘက်အပြင်ထွက်ရင် မလုံခြုံနိုင်ဘူးလို့ ခံစားရလို့ လက်နက်ဆောင်သွားတတ်သူများရဲ့ behaviour ကို အကြမ်းမဖက်သော အမြင်သဘောထားတွေ ဖြန့်ဖြူးပေးရုံနဲ့ ပြောင်းလဲလို့ မရနိုင်ပါဘူး။ လက်နက်ဆောင်သွားဖို့ မလိုအပ်တော့တဲ့ sense of security ရှိလာမှသာ လက်နက်နဲ့ အကြမ်းဖက်မှု မလုပ်ဘူးဆိုတဲ့ ပြုမူဆောင်ရွက်ပုံ ပြောင်းလဲခြင်း ရှိလာမှာပါ။

ဒီလိုပါပဲ။ ကျားဆိုးတကောင်ရဲ့ ခြိမ်းခြောက်မှုရှိနေတဲ့ ရွာတရွာမှာ တုတ်၊ ဓား လက်နက်ကိုင်ဆောင်ထားခြင်းကိုလဲ အကြမ်းမဖက်အတွေးအခေါ်၊ အမြင်သဘောထားတွေ ဖြန့်ဖြူးပေးပြီး၊ လက်နက်ကိုင်စွဲခြင်း ရပ်တန့်ဖို့ လုပ်လို့မရပါ။ အမြင် သဘောထားနဲ့ ပြုမူဆောင်ရွက်မှုက အကြမ်းမဖက်ခြင်း အသွင်ဆောင်လာသည်ပဲထား၊ ကျားဆိုးအန္တရာယ်ကတော့ ကင်းဝေးမှာမဟုတ်ပါ။ ကျားသနားမှ နွားချမ်းသာမယ့် ဘဝရောက်သွားကြရုံပဲရှိမှာပါ။ အဲဒီအခါမှာ လူတွေကလဲ နွားတွေ မဟုတ်တဲ့အတွက် ကျားဆိုးအန္တရာယ်ကို ခုခံကာကွယ်ဖို့တုတ်၊ ဓား လက်နက်တွေ ပြန်လည်ကိုင်ဆောင်လာဦးမှာပဲဖြစ်ပါတယ်။ ဒါကို ပညာရှင်တွေက အကြမ်းဖက်မှုသံသရာစက်ဝန်း (cycle of violence) လို့ သတ်မှတ်ခေါ်ဆိုကြပါတယ်။ ဒါကြောင့်ကျားဆိုးနဲ့တူတဲ့အန္တရာယ်ကို ဖယ်ရှားပြီး၊ sense of security ရှိလာချိန်ကျမှသာ အကြမ်းမဖက်သော အမြင်သဘောထားများဖြန့်ဖြူးမှု၊ အကြမ်းဖက်သင်္ကေတန် ပြုမူဆောင်ရွက်တတ်မှုနဲ့ ပဋိပက္ခပြဿနာများကို အကြမ်းမဖက်သော နည်းလမ်းများဖြင့်ဖြေရှင်းနိုင်သော စွမ်းရည်ရှိလာမှုတို့နဲ့ ရေရှည်ခံငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

နိဂုံး

နိဂုံးချုပ်ဆိုရရင် ငြိမ်းချမ်းရေးဆိုတာ အကြမ်းဖက်မှုတွေလျော့နည်းပြီး၊ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ သွေးစည်းမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ တွေ့ဆုံဆွေးနွေးမှုနဲ့ အခြေခံလူသားလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မှုစတာတွေအပေါ်မှာ အခြေတည်တဲ့ state of harmony ပေါ်ထွက်လာခြင်းပဲ ဖြစ်ပါတယ်။ ဒီအတွက်ပြုမူဆောင်ရွက်မှုတွေကို ပြောင်းလဲပြီး တိုက်ရိုက်အကြမ်းဖက်မှုကို အဆုံးသတ်ခြင်း၊ structure ဆိုင်ရာ ဖိနှိပ်ချုပ်ခြယ်မှု၊ မတရားမှုတွေကို ဖယ်ရှားပြီး structural violence ကို အဆုံးသတ်ခြင်းနဲ့ အမြင်သဘောထားတွေကို ပြောင်းလဲပြီး ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုကို အဆုံးသတ်ခြင်းတွေကို ဘက်စုံထောင့်စုံပြုလုပ်ဖို့လိုပါတယ်။ အကြမ်းဖက်မှုတွေ လျော့နည်းဖို့ဆိုတာ အကြမ်းမဖက်မှု အမြင်သဘောထားတွေ၊ ပြုမူဆောင်ရွက်မှုတွေရှိလာရုံနဲ့ မလုံလောက်ပါဘူး။ sense of security ရှိစေမယ့် political and socio-economic structures တွေရှိဖို့ လိုအပ်ပါတယ်။ structural violence ရှိနေရင် လူသားလုံခြုံရေး (Human Security) ကို ထိခိုက်စေတဲ့အတွက် ရေရှည်ခံငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် structural violence ဖြစ်ထွန်းစေတဲ့ နိုင်ငံရေး-လူမှုစီးပွားရေး စနစ်တွေကိုဖယ်ရှားပြီးမှသာ ရေရှည် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာ ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

ရည်ညွှန်းကိုးကား။


Brock-Utne B (1997). Linking the micro and macro in peace and development studies. In Turpin J and Kurtz L (eds). The web of violence: from interpersonal to global. Chicago, University of Illinois Press.

Farmer P (2005). Pathologies of power: health, human rights, and the new war on the poor. Berkeley CA, University of California Press.

Galtung J (1996). Peace by peaceful means: peace and conflict, development and civilisation. London, Prio/Sage.

Galtung J (2002). What is peace studies? In Johansen J, Vambheim V (eds). Three papers by Johan Galtung. Tromsø, Centre for Peace Studies, University of Tromsø.

Galtung J (2004). Transcend and transform: an introduction to conflict work. London, Pluto Press.

Keltner J (1997). The management of struggle: elements of dispute resolution through negotiation, mediation and arbitration. Cresskill, NJ, Hampton Press.

WHO (2002). World report on violence and health. Geneva, WHO.


❖❖❖❖❖❖

# တိုင်းရင်းသား အခွင့်အရေး ကာကွယ်ဖို့ ဦးသိန်းစိန် အစိုးရသစ် ပျက်ကွက်

**VOA ၊ မေ ၂၃ ။** ။ မြန်မာနိုင်ငံမှာ တိုင်းရင်းသား လူနည်းစုတွေအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတဲ့ ပြဿနာတွေကို အစိုးရသစ်က ကိုင်တွယ်ဖြေရှင်းဖို့ပျက်ကွက်နေတယ်လို့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့် အရေးကိုယ်စားလှယ်ကပြောလိုက်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီးတော့ဗွီအိုအေ သတင်းထောက် ဒန်နီယယ် ရှာ့ဖ် (Daniel Schearf) ဘန်ကောက် မြို့က နေသတင်းပေးပို့ထားတာကို ကိုရန်နိုင်က တင်ပြပေးထားပါတယ်။

မြန်မာအစိုးရသစ်ဟာ ထိုင်း၊ မြန်မာ နယ်စပ်တလျှောက်မှာ နေထိုင်နေကြတဲ့ တိုင်းရင်းသား လူနည်းစုတွေအပေါ် စစ်တပ်က ကျူးလွန်နေတဲ့လူ့အခွင့်အရေးချိုးဖောက်မှုတွေကိုအကာအကွယ်ပေးဖို့အတွက် ဘာမှ လုပ်ဆောင်ပေးနေတာ မရှိဘူးလို့ ကုလသမဂ္ဂရဲ့မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်တော မတ်စ်အိုဟေးကင်တားနား (Tomas Ojea Quintana) က ပြောလိုက်ပါတယ်။ မြန်မာစစ်တပ်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် လိုချင်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ဆယ်စုနှစ်ပေါင်းများစွာတိုက်ပွဲတွေဖြစ်ခဲ့ပြီးစစ်တပ်ကတိုင်းပြည်ရဲ့အာဏာအများအပြားကို ထိန်းချုပ်ထားဖို့ လိုအပ်နေတာဟာ တိုင်းပြည်တွင်းမှာဖြစ်နေတဲ့ အဲဒီ ပဋိပက္ခတွေကြောင့် ဖြစ်တယ်ဆိုပြီး အကြောင်းပြလေ့ ရှိပါတယ်။

မြန်မာစစ်အစိုးရဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလက နှစ်ပေါင်း ၂၀ အတွင်း ပထမဆုံးအကြိမ် ရွေးကောက်ပွဲကို ကျင်းပခဲ့ပြီး ဒါဟာ စစ်အစိုးရကနေ အရပ်သား အစိုးရကို ပြောင်းဖို့အတွက် နောက်ဆုံးအဆင့်ဖြစ်တယ်လို့ ပြောပါတယ်။ အများကတော့ မြန်မာ စစ်အစိုးရကကျင်းပခဲ့တဲ့ အဲဒီရွေးကောက်ပွဲဟာ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲမဟုတ်ဘဲ စစ်တပ်က အာဏာကို ဆက်ထိန်းထားနိုင်ဖို့ အတွက် သက်သက်ရည်ရွယ်တဲ့ ရွေးကောက်ပွဲ ဖြစ်တယ်လို့ ဝေဖန်ခဲ့ကြပါတယ်။

မြန်မာနိုင်ငံမှာ အရပ်သား အစိုးရသစ် ဖြစ်ပေါ်လာပေမဲ့လည်း နယ်စပ်ဒေသတွေမှာဖြစ်နေတဲ့ အကြမ်းဖက်မှုတွေ၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ပတ်သက်ပြီးတော့ ဘာမှ လုပ်ဆောင်ခြင်းမရှိဘူးလို့ မစ္စတာကင်တားနားက ပြောပါတယ်။

"စစ်တပ်ကြီးစိုးရေးကို စနစ်တကျ လုပ်ဆောင်ခဲ့တာတွေက လူ့အခွင့်အရေး ချိုးဖောက်မှုတွေဖြစ်အောင် ပံ့ပိုးပေးခဲ့တာပါ။ အဲဒီလူ့အခွင့်အရေးချိုးဖောက်မှုတွေထဲမှာမြေသိမ်းတာတွေ၊အတင်းအကျပ်လုပ်အားပေးခိုင်းစေတာတွေ၊ အိုးအိမ်စွန့်ခွာထွက်ပြေးအောင် လုပ်ဆောင်တာတွေ၊ ဥပဒေပြင်ပ သတ်ဖြတ်မှုတွေနဲ့လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ပါဝင်ပါတယ်။ အဲဒါတွေဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေပြီးအခုချိန်ထိလည်းဖြစ်နေတုန်းပါပဲ။ ဒါ့အပြင် အဲဒီ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို တာဝန်ရှိသူတွေဘက်က လုံးဝ ကိုင်တွယ်ဖြေရှင်းတာတွေမလုပ်သေးပါဘူး။"

အတင်းအဓမ္မ လုပ်အားပေးခိုင်းစေတာလိုမျိုး တချို့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ အစိုးရကနေလုပ်နေတယ်ဆိုတာ သိသာတယ်လို့ မစ္စတာကင်တားနားက ပြောပါတယ်။

"မြန်မာတနိုင်ငံတည်း ဒါမှမဟုတ် တကမ္ဘာလုံးမှာ မြန်မာတနိုင်ငံတည်းကပဲ အတင်းအဓမ္မလုပ်အားပေး ခိုင်းစေမှုတွေကိုပုဂ္ဂလိပိုင်းက မဟုတ်ဘဲ အစိုးရကနေ လုပ်နေတာမျိုးဖြစ်ကောင်းဖြစ်နိုင်ပါတယ်။"

ဒါပေမဲ့လည်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေနဲ့ တိုင်းရင်းသား အုပ်စုတွေအပေါ်မှာ ဆက်ဆံနေတာနဲ့ ပတ်သက်ပြီးတော့လွှတ်တော်အမတ်တွေက မေးခွန်းထုတ်လာတာတွေက အပေါင်းလက္ခဏာဆောင်တဲ့ အချက်တွေ ဖြစ်တယ်လို့ မစ္စတာကင်တားနားက ပြောပါတယ်။

"အဲဒီလို မေးခွန်းထုတ်တဲ့အထဲမှာ ကရင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲရေး ဖြစ်လာနိုင်ခြေတွေ ပါဝင်သလို ရိုဟင်ဂျာတွေဟာ နိုင်ငံသား ဟုတ်မဟုတ်ဆိုတဲ့ ပြဿနာနဲ့ တိုင်းရင်းသား ရှမ်း နိုင်ငံရေးခေါင်းဆောင်တွေအပေါ် လွတ်ငြိမ်းချမ်းသာခွင့် ပေးမပေးဆိုတာတွေ ပါဝင်ပါတယ်။"

မစ္စတာ ကင်တားနားဟာ ထိုင်းနိုင်ငံကို တပတ်ကြာ သွားရောက်ခဲ့ပြီးမြန်မာ့ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူတွေ၊ကျွမ်းကျင်သူတွေနဲ့ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ရှိသူတွေနဲ့ တွေ့ဆုံခဲ့ပြီးတဲ့နောက် သတင်းထောက်တွေကို အခုလို ပြောကြားခဲ့တာပါ။ မစ္စတာ ကင်တားနားဟာ ထိုင်း နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနဲ့ ဘန်ကောက်မြို့မှာ တွေ့ဆုံခဲ့ပေမဲ့ မြန်မာအာဏာပိုင်တွေဘက်က ပြည်ဝင်ခွင့်ဗီဇာ မပေးခဲ့တာကြောင့် မစ္စတာကင်တားနားဟာ မြန်မာနိုင်ငံကို သွားရောက်နိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ဒီအပေါ်မှာတော့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ပြောခွင့်ရပုဂ္ဂိုလ် Martin Nesirky က အခုလို ပြောလိုက်ပါတယ်။

"မစ္စတာ ကင်တားနားဟာ ကုလသမဂ္ဂရဲ့ အထူးတာဝန်ပေးထားခြင်းခံရတဲ့ကိုယ်စားလှယ်တဦးဖြစ်တဲ့အတွက် သူတာဝန်ကျတဲ့ နိုင်ငံကိုဝင်ခွင့်ရသင့်ပါတယ်၊ ဒီကိစ္စဟာမေးခွန်းထုတ်နေစရာမလိုတဲ့ကိစ္စပါ။ တဆက်တည်းမှာ မကြာသေးခင်က မြန်မာနိုင်ငံကိုသွားရောက်ခွင့်ရခဲ့တဲ့ အတွင်းရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar ရဲ့ မြန်မာနိုင်ငံ ခရီးစဉ်အကြောင်းကျနော်တို့ ထုတ်ပြန်ချက်တွေထဲက အချက်တခုကိုကျနော် ပြန်လည်ပြော ပြချင်ပါတယ်။

"အဲဒါကတော့ မြန်မာအစိုးရဟာ သူတို့ပေးထားတဲ့ ကတိကဝတ်တွေကို လိုက်နာအကောင်အထည်ဖော်ဖို့ မြန်မာပြည်သူတွေနဲ့ နိုင်ငံတကာ အသိုင်းအဝိုင်းတခုလုံးက မျှော်မှန်းချက်တွေနဲ့ အညီကိုက်ညီအောင်ပြုပြင်ဆောင်ရွက်ဖို့ အလေးအနက်ထားပြီးပြောဆိုခဲ့ပါတယ်။"

Mr.Quintana ဟာ မြန်မာနိုင်ငံကို သွားရောက်ခွင့်မရခဲ့ပေမဲ့လည်းမြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုတယ်လီဖုန်းကနေတဆင့် ဆက်သွယ်ပြောဆိုခဲ့ပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီး ကုလသမဂ္ဂကစုံစမ်းရေးကော်မရှင်ဖွဲ့စုံစမ်းဖို့ အရေးအပေါ်မှာ ဒေါ်အောင်ဆန်းစုကြည်က ထောက်ခံတယ်လို့ မစ္စတာကင်တားနားက ပြောပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ဖြစ်လာဖို့အတွက်ဆိုရင် သက်ဆိုင်တဲ့အဖွဲ့တွေ အားလုံးပါဝင်ဖို့ လိုအပ်ပြီး ဖမ်းဆီးထောင်ချခံထားရတဲ့ နိုင်ငံရေးအကျဉ်းသား ၂,၀၀၀ ကျော်ကို လွှတ်ပေးတာကနေ စတင်ပြီး လုပ်ဖို့ လိုအပ်တယ်လို့ မစ္စတာ ကင်တားနားက ပြောလိုက်ပါတယ်။

# သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစိုးရ လက်တွေ့ဆောင်ရွက်ရန်လို

**DVB ၊ မေ ၂၄ ။** ။ နိုင်ငံတွင်းမှာ ဖြစ်ပေါ်နေတဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးယိုယွင်းမှုတွေကို ထိန်းသိမ်းနိုင်ဖို့ ပညာရှင်တွေရဲ့ အကြံ ဉာဏ်တွေရယူပြီး အစိုးရသစ်က လက်တွေ့အကောင်အထည်ဆောင်ရွက်ဖို့လိုတယ်လို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တတ်သိပညာရှင်တွေက ပြောဆိုလိုက်ကြပါတယ်။

အစိုးရအဖွဲ့သစ်ရဲ့သစ်တောရေးရာဝန်ကြီး ဦးဝင်းထွန်းဥက္ကဋ္ဌဖြစ် တာဝန်ယူတဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက ဒီလ ၂၃ ရက်နေ့မှာ ရန်ကုန်မြို့ရှိ IBC International Business Center ပြုလုပ်ခဲ့တဲ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီအပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တွေနဲ့ NGO/ INGO အဖွဲ့အစည်းတွေ တွေ့ဆုံဆွေးနွေးပွဲအပြီး ပညာရှင်တွေကပြောကြားလိုက်ကြတာဖြစ်ပါတယ်။ အဲဒီလို ပြောကြားထားတဲ့အထဲက ဖရီဒါခေါ် သစ်တောရင်းမြစ် သဘာဝပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းစောင့် ရှောက်ရေးအဖွဲ့ရဲ့ ဒုဥက္ကဋ္ဌဦးအုန်းနဲ့မေးမြန်းထားပါတယ်။ မနေ့က IBCမှာ လုပ်ခဲ့တဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီရဲ့ ပညာရှင်တွေနဲ့စာ နယ်ဇင်းဆရာတွေရဲ့ တွေ့ဆုံပွဲအကြောင်းရှင်းပြပေးပါဦး။

“ဦးဝင်းထွန်းက သစ်တောရေးရာဝန်ကြီးပေါ့၊ သူက သဘာဝပတ်ဝန်းကျင်ဥက္ကဋ္ဌ နောက်ရန်ကုန်တိုင်းဒေသကြီးက ဝန်ကြီးချုပ်ဦးမြင့်ဆွေကလည်းပြောတယ်။ သူတို့ နှစ်ယောက်ပြောပြီးတော့ လူလေးငါးဆယ်ယောက်လောကကတော့ ထမေးကြ၊ ပြောကြ၊ အကြံပြုကြ၊ ဆွေးနွေးကြတာပေါ့။ တော်တော်ပွင့်ပွင့်လင်းလင်းပဲရှိပါတယ်။”

ဒီအခမ်းအနားမှာ အတွေ့အကြုံရော ဘာတွေရှိခဲ့လဲဗျ။

“သူတို့က ပွင့်ပွင့်လင်းလင်းရှိပြီးတော့ ဒါက ပထမဦးဆုံးပေါ့၊ လွတ်လွတ်လပ်လပ်နဲ့ ပွင့်ပွင့်လင်းလင်း ပြောခွင့်ပေးတာဆိုတော့ ဝမ်းသာစရာပေါ့၊ ဆရာအပါအဝင် အခြားပုဂ္ဂိုလ်တွေကရော ဘာတွေမေးမြန်းဆွေးနွေးခဲ့ကြလဲဗျ။

“ကျနော်ကတော့ ဥပဒေတွေ ဘာတွေလုပ်ဖို့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေတို့၊ ဇီဝဘေးကင်းရေးဥပဒေ၊ မူပိုင်ခွင့်ဥပဒေတို့ရင်းနှီးမြှုပ်နှံမှုဥပဒေတို့စသည်ပေါ့။ ဒါတွေကို ကျနော်တို့ဆွေးနွေးတယ်၊ စာရေးဆရာချစ်စံဝင်းကလည်း တော်တော်လေးဆွေးနွေးခဲ့တယ်။ စာပေလွတ်လပ်ခွင့်ရဖို့ အစိုးရနဲ့ပတ်သက်ပြီးတော့ စာပေစိစစ်ရေးက relax (လျော့ပေါ့) လုပ်ဖို့ကိစ္စပြောတယ်။”

နောက် ကျနော်တို့ သူ့ရှုထောင့်နဲ့သူ ပြောကြဆိုကြရှိပါတယ်။ ဒီလိုဆွေးနွေးအကြံပေးခဲ့ကြတော့ အစိုးရအဖွဲ့အနေနဲ့ အကောင်အထည်ဖော်မယ့်လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီးတော့ အာမခံပြီး ဖြေကြားပေးသွားတာမျိုးတွေရော ရှိမလားဗျ။

“ဘာမှတော့အဖြေပေးမသွားဘူး။ ကျနော်တို့အကြံပေးတာတွေအကုန်မှတ်သွားတယ်။ ကျနော်တို့ပေးတဲ့ အကြံဉာဏ်တွေက အလွန်ကောင်းတယ်၊ သူ မျှော်လင့်ထားသလိုပဲ ပွင့်ပွင့်လင်းလင်း ပြောကြဆိုကြတာတွေ ကြိုဆိုတယ်။ ဒါတွေမှတ်သားပြီး အတတ်နိုင်ဆုံး သူအဆင်ပြေအောင်လုပ်မယ်လို့တော့ ပြောသွားတာပဲ၊ သူတို့အတတ်နိုင်ဆုံးကြိုးစားမယ်လို့ ပြောတယ်။”

အစိုးရအဖွဲ့အနေနဲ့ ဆရာတို့ ပညာရှင်တွေရဲ့ အကြံပေးချက်တွေကို တကယ်ရော အကောင်အထည်ဖော်လာနိုင်ပဲ့မလားဗျ။

“ပြုပြင်နေတာတော့ သေချာတယ်။ သူတို့ဆန္ဒရှိတယ်။ သူတို့ရဲ့ပြောပြချက်တွေက စနစ်ကျတယ်လို့ယူဆတယ်။ အကောင်အထည်ဖော်ဖို့ဆိုတာတော့ တချို့ကိစ္စတွေက နေ့ချင်းညချင်းလုပ်လို့မရဘူး။ ဥပဒေလိုဟာမျိုးဆိုပါတော့၊ ဥပဒေတွေကို မူကြမ်းတွေဆွဲပြီးပြီ။ အကောင်အထည် ဥပဒေအနေနဲ့တော့ မသက်ရောက်သေးဘူး။ အဲဒါတွေတော့ နေ့ချင်း ညချင်းလုပ်ဖို့မလို ပါဘူး။ အချိန်တော့ယူရမယ်။ အချိန်သိပ်ယူရင်လည်း ခေတ်နဲ့အပြိုင် နောက်ကျသွားမှာ စိုးလို့အကြံပြုတယ်။”

အရင်တုန်းကဆိုရင် အစိုးရက ပညာရှင်တွေပြောတာ သိပ်ဂရုမစိုက်ခဲ့တဲ့ နေရာကနေ အခုပညာရှင်တွေရဲ့ အကြံပေးတာတွေကို လက်ခံလာတယ်ပေါ့။ ဒီအပေါ်ကိုရော ဆရာဘယ်လိုမြင်လဲဗျ။

“ကျနော်တို့ ဒီလိုအခွင့်အရေးမျိုးက ပထမဦးဆုံးရတဲ့ အခွင့်အရေးမျိုး၊ ပထမဦးဆုံး လွတ်လွတ်လပ်လပ် နိုင်ငံတော်အစိုးရကိုယ်စားလှယ်တွေနဲ့ NGO နဲ့မီဒီယာနဲ့စာရေးဆရာတွေ၊ ပညာရှင်တွေနဲ့ ပွင့်ပွင့်လင်းလင်းဆွေးနွေးတာတော့ ဒီခေတ်မှာ ပထမဦးဆုံးဆိုတော့ ကြိုဆိုပါတယ်၊ ကျေနပ်တယ်၊ အဲဒါလေးပဲ။ နိုင်ငံတော်အစိုးရလည်း အပြုသဘောမျိုးနဲ့စာလည်းရေးတယ်။ ပြောလည်းပြောတယ်။ ဟောပြောပွဲတွေလုပ်တယ်။ အဲဒါတွေအပေါ်မှာကိုလည်း လွတ်လွတ်လပ်လပ်ရှိတဲ့အတွက် ကျေနပ်ပါတယ်။ ကျနော်တို့အပေါ်မှာ ကောင်းမြင်ပြီးတော့ ဒီအဖိုးကြီးတွေက သူတို့သေခါနီးမှာ တိုင်းပြည်အတွက် သူတို့အကောင်းဆုံးဖြစ်အောင် စေတနာနဲ့လုပ်တယ်ဆိုတာကို သူတို့လက်ခံတာကိုတော့ ကျနော်ယုံပါတယ်။ လက်မခံဘူးဆိုရင်တော့ ကျနော်လည်းအချုပ်ထဲရောက်တာကြာပြီ။ စေတနာထားတာကိုတော့ ကျေးဇူးလည်းတင်တယ်၊ ရှေ့လည်းဆက်ပြီးတော့ အတတ်နိုင်ဆုံး သဘာဝပတ်ဝန်းကျင် သာယာအောင်လုပ်မယ်လို့ ခံယူထားပါတယ်။”

သမတဦးသိန်းစိန်ဦးဆောင်တဲ့ အစိုးရသစ်လက်ထက်မှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီကို ဆက်စပ်ဝန်ကြီးဌာနတွေက ဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ၊ ညွှန်ကြားရေးမှူးချုပ်တွေပါဝင်တဲ့ အဖွဲ့ဝင် ၂၁ ဦးနဲ့ ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ ဒီအခမ်းအနားမှာတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌသစ်တောရေးရာဝန်ကြီး ဦးဝင်းထွန်းက နိုင်ငံတော်အဆင့်က ဆောင်ရွက်ရမယ့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များအပေါ် ဝေဖန်အကြံပေးမှုတွေကို ကြိုဆိုလက်ခံမှာဖြစ်သလို အကြံပေးမှုတွေကိုအဆင့်ဆင့်အမြန်ဆုံးအကောင်ထည်ဖော်မယ်လို့လည်း ထည့်သွင်းပြောကြားခဲ့ပါတယ် ။ လက်ရှိအခြေအနေမှာတော့ မြန်မာနိုင်ငံမှာ သစ်တောဖုံးလွှမ်းမှု ဧရိယာမှာ၄၇ ရာခိုင်နှုန်းသာ ကျန်ရှိတော့ပြီး နှစ်အလိုက် သစ်တောဧရိယာ လျော့ကျမှုမှာ ဟက်တာ ၅၀၊၀၀၀ နီးပါးရှိနေသလို မြန်မာ့သစ်တောတွေရဲ့ မြေပေါ်နှင့်မြေအောက် ကာဗွန်ထိန်းသိမ်းထားနိုင်စွမ်းမှာ ၁၉၉၀ ပြည့်နှစ်ကနေ ၂၀၁၀ အတွင်း ၀.၃၈၇ မီလျံမက်ထရစ်တန် လျော့ကျလာခဲ့ရတယ်လို့ အာဆီယံဒေသတွင်း နိုင်ငံတွေက ပညာရှင်တွေရဲ့ စစ်တမ်းကဆိုပါတယ်။

---

**စာမျက်နှာ ၁၄ မှ**

ဟုတ်တော့ဘူး။”

ပြီးခဲ့တဲ့ ၂၀၁၀ မှာ ရွေးကောက်ပွဲတရပ် ပြုလုပ်ခဲ့တယ်ဆိုပေမဲ့ ပြည်သူလူထုရဲ့ ဆန္ဒအစစ်အမှန်နဲ့ ပေါ်ပေါက်လာတဲ့ အစိုးရမဟုတ်ဘူးလို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီပါတီ (SNLD) က ပြောရေးဆိုခွင့်ရှိသူ ဦးစိုင်းလိတ်က ဆိုပါတယ်။

“ပြည်သူတရပ်လုံး လိုလားတောင့်တမှု မပြည့်စုံတဲ့ကိစ္စကိုပြောတာ။ အားလုံးကို အာမခံပေးနိုင်တဲ့ အစိုးရအဖွဲ့အစည်းမျိုးလိုအပ်တယ်။ အားလုံးလက်သင့်ခံနိုင်တဲ့ တရားဥပဒေတခုကို ရေးဆွဲပေးနိုင်တဲ့ အစိုးရဖြစ်ဖို့လိုအပ်တယ်။”

ဒီကနေ့ ကျရောက်တဲ့ ၂၁ နှစ်မြောက် ၁၉၉၀ ရွေးကောက်ပွဲနဲ့ ပတ်သက်လို့ သဘောထားတွေ ဖြစ်ပါတယ်။

# လွှတ်တော်တွင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အပြောင်းအလဲကို အဓိကဆွေးနွေးနေ

**DVB ၊ မေ ၂၄ ။** ။ ဒီလ ၂၃ ရက်နေ့က နေပြည်တော်မှာ စတင်ကျင်းပပြုလုပ်နေတဲ့ လွှတ်တော်သုံးရပ်လုံးရဲ့ ဥက္ကဋ္ဌတွေနဲ့ လွှတ်တော် အမြဲတမ်းကော်မတီဝင်တွေ တက်ရောက်နေတဲ့ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲမှာ အစိုးရအဖွဲ့ အဆင့်ဆင့်ရဲ့ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အသွင်သဏ္ဍာန်ပြောင်းလဲမှုတွေနဲ့ ပတ်သက်ပြီး အဓိကထား ဆွေးနွေးနေကြတယ်လို့ သိရပါတယ်။

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေက ဥက္ကဋ္ဌတွေအပါဝင် လွှတ်တော်အလိုက်ဖွဲ့စည်းထားတဲ့ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော် အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဝင်တွေက အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုင်ရာ အသွင်သဏ္ဍာန်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို အဓိကဆွေးနွေးနေကြတာပါ။ ဒီလိုဆွေးနွေးနေတာနဲ့ ပတ်သက်ပြီး အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သလို ပြည်သူ့ငွေစာရင်းကော်မတီဝင် ဒေါ်တင်နွယ်ဦးက သူ့အတွေ့အကြုံကို အခုလိုပြော ပြပါတယ်။

“ပြည်နယ်တိုင်းဥက္ကဋ္ဌတွေက ဒီမှာ သူတို့ အာဏာသုံးခုစလုံး ရှိလျက်သားနဲ့ပေးထားသော်လည်းပဲ သူတို့က တကယ့်တကယ်ကျတော့ ညွှန်ကြားချက်တွေ လုပ်ထုံးလုပ်နည်းတွေမပါရင် လုပ်လို့ကိုင်လို့မရဘူး။ institution law change ဆိုတာ သူတို့ကမပြောတတ်ဘူး။ တကယ့် တကယ်က ဗျူရိုကရေစီယန္တရားကြီး ပြုတ်ကျသွားဖို့လိုတာ။ အဲဒါ စနစ်ဟောင်းနဲ့ ဗျူရိုကရေစီယန္တရားအံမဝင်ဖြစ်နေတာပါ။ သူတို့ ထထပြီး ဆွေးနွေးကြတယ်။ ကျန်တဲ့ရေးရာကော်မတီ ဥပဒေကြမ်းတို့ ဘာတို့ကနေ ပြန်ဆွေးနွေးပါတယ်။ မဆိုးပါဘူး”။

အမျိုးသားလွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီရဲ့ ဥက္ကဋ္ဌဒေါက်တာအေးမောင်ကလည်း အခုဆေးနွေးနေကြတဲ့ အကြောင်းအရာတွေကို အခုလိုပြောပါတယ်။

“ကျနော်တို့က လွှတ်တော်ရဲ့လုပ်ပိုင်ခွင့်တွေကို ဆွေးနွေးနေကြတာ။ လွှတ်တော်ရဲ့ ကာကိုဘယ်လိုထားမလဲ။ လွှတ်တော်က အစိုးရကို ဘယ်လိုထိန်းညှိလဲ။ အစိုးရအဖွဲ့က အင်အားကြီးပြီး လွှတ်တော်ဆိုတာကို အင်းအားမရှိအောင်ထားနေရင် ဘယ်လိုလုပ်မလဲ။ အခွင့်အရေးကိုပဲကြည့်ပေါ့ဗျာ။ လွှတ်တော်ကိုယ်စားလှယ်တဦးက ဒီအတိုင်းပဲ ယောင်ချာချာနေပြီးတော့မှ အစိုးရအဖွဲ့မှာ ပါတဲ့ပုဂ္ဂိုလ်တွေက အခွင့်အရေးများနေတယ်၊ လုပ်ပိုင်ခွင့်များနေရင် ဘယ်လိုထိမိမလဲ။ ပြည်ထောင်စုကြီး ဘယ်လို ကောင်းမွန်တဲ့အခြေအနေရောက်မလဲဆိုတာကို ဆွေးနွေးနေကြတဲ့အပိုင်းပါ။”

လောလောဆယ်မှာတော့ ဒီဆွေးနွေးပွဲမှာ ပြင်ပက အသိပညာရှင်၊အတတ်ပညာရှင်တွေကိုပါ ဖိတ်ခေါ်ဆွေး နွေးနိုင်ဖို့ အကြောင်းအရာခေါင်းစဉ် ၉ ခုလောက် ဆွေးနွေးအတည်ပြုချက် ရယူကြမှာဖြစ်တယ်လို့လည်း အခြားအစည်းအဝေးတက်ရောက်နေတဲ့ပုဂ္ဂိုလ် အချို့ကဆိုပါတယ်။ ထပ်မံဆွေးနွေးမယ့်အစီအစဉ်တွေကိုလည်း အမျိုးသားလွှတ်တော်ရဲ့ အစိုးရအာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်ကအခုလိုပြောပါတယ်။

“ကျနော်တို့ အာဂျင်ဒါမှာပါတဲ့အချက်တချက်ခြင်းကို အလုပ်ရုံဆွေးနွေးပွဲပုံစံမျိုးနဲ့ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ ဥပမာ စစ်ပညာဌာနကပုဂ္ဂိုလ်ပညာရှင်တွေ လာဆွေးနွေးမှာရှိပါတယ်။ နောက် ဒေါက်တာခင်အောင်အေးလို ကျွမ်းကျင်တဲ့ပညာရှင်တွေလည်း လာဆွေးနွေးမှာပါ။ ကျနော်တို့နဲ့ပတ်သက်လို့ ပူးပေါင်းဆွေးနွေးကြမယ့် သဘောလည်း ကြားနေရပါတယ်။ capacity building တည်ဆောက်တဲ့ သဘောပါပဲ။ ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်တဦးချင်းရဲ့ ကျင့်ကြံရမယ့်၊ သိရမယ့်အချက်တွေကို ဖြည့်စည်းတဲ့သဘောပါ။”

နှစ် ၂၀ ကျော်အတွင်း ပထမဆုံး လွှတ်တော်အစည်းအဝေးတွေကို မတ်လ ၂၃ ရက်နေ့မှာ ရပ်နားခဲ့ပြီး နှစ်လအကြာ မေလ ၂၃ ရက်နေ့မှာ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲကိုခေါ်ယူ ကျင်းပခဲ့တာ ဖြစ်ပါတယ်။


Voice of Burma



**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**



**၁၉၉၅ ခု အောက်တိုဘာလမှ စတင်၍ အပတ်စဉ်ထုတ်ဝေသည်**